ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ သောကြာနေ့ (17-9-2010) (၆၅၂၄)

လွှတ်တော်ရွေးကောက်ပွဲ မဲစာရင်းများ ကြေညာမည်ဖြစ်ကြောင်း သတင်းရရှိ

နေပြည်တော် စက်တင်ဘာ ၁၆

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည့် လွှတ်တော်ရွေးကောက်ပွဲများအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်း(မဲစာရင်း)ကို စက်တင်ဘာ ၂၀ ရက်တွင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၌ ကြေညာမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းမဲစာရင်း၌ အမည်ပါဝင်ခြင်းမရှိ၍ အမည်ထည့်သွင်းပေးရန် တောင်းဆိုလိုသူများသည် နည်းဥပဒေ ၉ အရ မဲစာရင်းတွင် အမည်စာရင်းထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃)ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ မဲစာရင်းထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း တင်သွင်းနိုင်ကြောင်း။

အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များသည် မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးလိုပါက ရောက်ရှိနေသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် မဲစာရင်း၌ မိမိတို့၏အမည်ကို ထည့်သွင်းပေးပါရန် ရွေးကောက်ပွဲကျင်းပမည့်နေ့ မတိုင်မီ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (၃-က)ဖြင့် လျှောက်ထားနိုင်ကြောင်း။

မဲစာရင်းပါအမည်၊ အချက်အလက်များအား ပြင်ဆင် ကန့်ကွက်လိုပါက မဲစာရင်းထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း နည်းဥပဒေ ၁၁ (က)အရ ပုံစံ(၄)ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းဆောင်ရွက်နိုင်ကြောင်း။

မဲဆန္ဒနယ် တစ်နယ်၏ မဲစာရင်းမှ အခြားမဲဆန္ဒနယ် တစ်နယ်၏ မဲစာရင်းသို့ ပြောင်းရွှေ့လိုလျှင် အိမ်ထောင်စုစာရင်း ပုံစံ(၁၀)နှင့်အတူ လက်ရှိမဲဆန္ဒနယ် မဲစာရင်း၌ မိမိအမည်ကို ပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှုမင်း ရောဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှုမင်းသည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပဲခူးရိုးမသည်ကား ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ အတွင်း တောင်မြောက်ရှည်လျားစွာတည်ရှိသော တောင်တန်းကြီးဖြစ်သည်။ ထို့ကြောင့် ရိုးမကို ဖြတ်ကျော်ဖောက်လုပ်သော လမ်းမကြီးခုနစ်လမ်းသည်လည်း အဆိုပါ တိုင်းဒေသကြီးများအတွင်း၌ပင် တည်ရှိသည်။ မကြာမီလပိုင်းအတွင်းက မကွေးတိုင်းဒေသကြီးဘက်သို့ ခရီးဆန့်ခဲ့ရာ ရိုးမဖြတ်လမ်းကြီးအဖြစ် အသစ်ဖောက်လုပ်လျက်ရှိသော နေပြည်တော်- တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းမကြီးသို့ သွားရောက်လေ့လာဖြစ်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

မြေသားလမ်း ဖောက်လုပ်

နေပြည်တော်-တောင်ညို- မြို့သစ်-ကန်ပြား(မကွေး) လမ်း၌ မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

၁၇-၉-၂၀၁၀
(သောကြာနေ့)

မီးရထားလမ်းကွန်ရက်များ တိုးချဲ့ပေါ်ထွက် ခရီးသွားလာ ကုန်စည်ပို့ဆောင်မှု မြန်ဆန်သွက်လက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက မြစ်ကြီးနား-ဝိုင်းမော်- ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်း ဖောက်လုပ်ရေး စီစဉ်လျက်ရှိသည်။ ယင်းရထားလမ်းမကြီး၏ မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော် ရထားလမ်းပိုင်းကို စတင်ဖောက်လုပ်နေပြီ။ အမြန်ပြီးစီး ဖွင့်လှစ်နိုင်ရေး ဒေသခံပြည်သူတို့နှင့်အတူ ကြိုးပမ်းနေကြပြီ။

မြန်မာနိုင်ငံ မြောက်ဘက်ဖျားဒေသများသည် မြေမျက်နှာသွင်ပြင် အနေအထားအရ လမ်းပန်းဆက်သွယ်မှု ခက်ခဲသည်။ အထူးသဖြင့် ကသာနှင့် ဗန်းမော်ဒေသများသည် လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်း များနှင့် အလှမ်းဝေးကွာသဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။ ယခု အခါ မြစ်ကြီးနားမှသည် ဗန်းမော်၊ ပူတာအို၊ နောင်မွန်၊ မချမ်းဘောမြို့နယ် တို့အထိ ဖွံ့ဖြိုးရေး အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းတည်ဆောက်ပေး နေပြီ။

မန္တလေး-တကောင်း-ဗန်းမော် ကားလမ်းကို ဖောက်လုပ်ပေးခဲ့ပြီ။ နှစ်ဆန်းပိုင်းက ကသာ-မိုးတားကြီး ရထားလမ်းကို ဖွင့်လှစ်ပေးလိုက်ပြီ။ မြစ်ကြီးနား-ပူတာအို ကားလမ်းသည် ရာသီမရွေး သွားလာနိုင်လျက်ရှိသည်။ ယခု တစ်ဖန် မြစ်ကြီးနား-ဗန်းမော် ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော် ရထားလမ်းပိုင်းကို ဖောက်လုပ်လျက်ရှိရာ ခရီးသည်နှင့်ကုန်စည်များ လွယ်ကူစွာ သွားလာပို့ဆောင်နိုင်ပေတော့မည်။

မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော် ရထားလမ်းပိုင်းသည် ၁၀၈ မိုင်ရှိမည်။ ဖောက်လုပ်ပြီးစီးပါက ရထားလမ်း ဖြတ်သန်းရာ မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးမောက်နှင့် ဗန်းမော်မြို့နယ်တို့၏ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန် လာမည်။ သဘာဝသယံဇာတများနှင့် ဒေသထွက်ကုန်အစုံစုံကို ဈေးကွက် အရောက် လျင်မြန်သွက်လက်စွာ ပို့ဆောင်နိုင် ပေတော့မည်။ လမ်း တစ်လျှောက်ရှိ မြို့ပြနှင့်ကျေးလက်ဒေသများမှ ပြည်သူများ၏ လူမှုစီးပွား ဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

ဗန်းမော်ဒေသတွင် ဗန်းမော်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တို့ကို ဖွင့်လှစ်ပေးထားပြီ။ အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်နေပြီ။ ဗန်းမော်မြို့ပြည်သူ့ဆေးရုံကြီး အပါအဝင် ကျန်းမာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ အဆင့်မြှင့်တင် တိုးချဲ့ ဖွင့်လှစ်၍ ဒေသခံပြည်သူများ အား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်လျက်ရှိသည်။

နိုင်ငံတော်က ဒေသအနီးအဝေး၊ နယ်မြေအကြီးအသေး မခွဲခြားဘဲ ဖွံ့ဖြိုးရေးအခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေး နေပြီ။ ဒေသဖွံ့ဖြိုးမှုအခြေခံ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတွင် ကဏ္ဍတစ်ခုအဖြစ်ပါဝင်သည့် မီးရထားလမ်းကွန်ရက်များကို တိုးချဲ့ဖောက် လုပ်ပေးလျက်ရှိရာ နိုင်ငံအနှံ့အပြားရှိ ပြည်သူများ ခရီးသွားလာ ကုန်စည် ပို့ဆောင်ရောင်းဝယ်မှု လုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက် ဖွံ့ဖြိုးတိုးတက် စည်ပင်လာနေပြီ ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝမ်းတွင်းနှင့် နွားထိုးကြီးမြို့နယ်တို့၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဝမ်းတွင်းမြို့နယ် ကုက္ကုဒါးကျေးရွာအုပ်စု ဘူးတောင်းချောင်းပေါ်၌ တည်ဆောက်ထားသော ကျေးလက်ကန်တစ်ခုဖြစ်သည့် အလောင်းစည်သူကန်သို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက မြောက်ကန်၏ ရေပိုလွှဲကို Geo textile Tube ဖြင့် အမြင့် ၁ပေ ၆လက်မရရှိအောင် ဆောင်ရွက်နေမှု၊ တောင်ကန်၏ ရေတံခါးပြန်လည်ပြုပြင်နေမှုတို့ကို ရှင်းလင်း တင်ပြကြ၍ ဝန်ကြီးက ထပ်မံရွာသွန်းမည့် မိုးရေများကို ထိန်းသိမ်းသိုလှောင်နိုင်ရန် အချိန်မီပြုပြင်ရေး၊ ဆည်ရေ ပိုမိုသိုလှောင်နိုင်ရေး၊ စိုက်ပျိုးရေ အကျိုးရှိစွာ အသုံးပြုရေး၊ အခြားရေရရှိနိုင်သည့် နေရာများအား စူးစမ်းရှာဖွေရေးတို့ကို ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် တောင်သူများနှင့် တွေ့ဆုံပြီး စိုက်ပျိုးရေပိုမိုရရှိရေး၊ စိုက်ပျိုးနည်းပညာများ၊ မျိုးကောင်း မျိုးသန့်များသုံးစွဲရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်ကျေးရွာအုပ်စု၌ မြေလွတ်မြေရိုင်း ဧက ၃၅၀ကို ထွန်စက်ကြီးများဖြင့် စိုက်ပျိုးမြေ ဖော်ထုတ်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ မြေလွတ်မြေရိုင်း ဖော်ထုတ်ပြီးစီးမှု၊ ထပ်မံဆောင်ရွက်မည့် လုပ်ငန်းများ၊ စိုက်ပျိုးမြေကွက်များဖော်ထုတ်ပြီး ဝါများစိုက်ပျိုး ပြီးစီးမှု၊ စိုက်ပျိုးရေရရှိရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် စိုက်ပျိုး မြေဖော်ထုတ်ရာတွင် ကုန်ထုတ်လမ်းများ ဖောက်လုပ်ရေး၊ စိုက်ပျိုးရေရရှိရေးနှင့် မြေကွက်ဖော်ထုတ်ရေးတို့ကို စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ညနေပိုင်းတွင် ရေပိုမိုသိုလှောင်နိုင်ရန် ပြန်လည်ပြုပြင် ပြီးသော ယင်းတော်ကန်သို့ ရောက်ရှိပြီး ပြုပြင်ပြီးသော ကန်ပေါင်များ၊ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်များနှင့် ကန်အတွင်းရေစီးဝင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ အား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

ယင်းတော်ကန် ရေဆင်းဧရိယာ၌ စက်တင်ဘာ ၁၀ ရက် ညနေ ၅ နာရီတွင် မိုးရွာသွန်းမှုကြောင့် ကန်ရေပြင် အမြင့် နှစ်ပေခွဲခန့်အထိ ရေဝင်ရောက်လာခဲ့ပြီး ယခု အခါ ကန်ရေသောက်ဧရိယာ၌ စပါးဧက ၆၀၀ ကျော် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ အဆိုပါ ယင်းတော်ကန်၏ ရေသိုလှောင်နိုင်မှု ပမာဏမှာ ၃၆၆၄ ဧက ပေရှိပြီး အကျိုးပြု ဧကမှာ ၂၄၀၀ ဖြစ်သည်။ ယင်းတော်ကန်၏ ရေသောက်ဧရိယာ ရေပိုမိုရရှိရေးအတွက် တမံအလျား ၃၄၂၅ ပေ၊ အမြင့် ၈၅ ပေရှိ နတ်ကာရေလှောင်တမံကို ထပ်မံ တည်ဆောက်ပြီး နတ်ကာရေလှောင်တမံမှ ပိုလျှံရေများကို ယင်းတော်ကန်သို့ ရေကူ ပေးခြင်းဖြင့် ယင်းတော်ကန်၏ ရေသောက်ဧရိယာ စိုက်ပျိုးရေ ပိုမိုတိုးမြှင့်ပေးနိုင် မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

သစ်တောရေးရာ ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသား ကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးစန်းလွင် အပြည်ပြည် ဆိုင်ရာ အိုဇုန်းလွှာ ကာကွယ်ရေး အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်း ဒီဇိုင်းပြိုင်ပွဲတွင် ဆုရရှိသူ ဦးရဲဝင်းအား ဆုချီးမြှင့်စဉ်။ (သစ်တော)



နေပြည်တော် စက်တင်ဘာ ၁၆

သစ်တောရေးရာ ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသား ကော်မရှင်က ကြီးမှူး၍ အပြည်ပြည် ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အပြည်ပြည် ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသား ကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးစန်းလွင်၊ သစ်တောရေးရာဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ အမျိုးသားအိုဇုန်း ယူနစ်အဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ အသင်းဝင်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ NGOs များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr. Shin Imai က ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အိုဇုန်းလွှာကာကွယ်ရေး အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်း ဒီဇိုင်း ပြိုင်ပွဲတွင် ဆုရရှိသူ ဦးရဲဝင်းအား ပတ်ဝန်း ကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူးက ဆုချီးမြှင့်ပြီး အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာ ပညာပေးဗီဒီယို မှတ်တမ်းအားပြသကာ အခမ်းအနားကို ရုပ်သိမ်းသည်။ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်း အနား အထိမ်းအမှတ်အဖြစ် အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

စာရေးကိရိယာ ထောက်ပံ့လှူဒါန်း

မန္တလေး စက်တင်ဘာ ၁၆

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ် အမှတ် (၅) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သို့ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ လှူဒါန်းပွဲကို စက်တင်ဘာ ၉ ရက်က အဆိုပါ ကျောင်းရှိ အေးသီဟ ကျောင်းဆောင်၌ ကျင်းပရာ အလှူရှင် မန္တလေး ဈေးချို (၂၇) လမ်းနှင့် (၂၈) လမ်းကြား ဈေးအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ ဇနီး ဒေါ်ခင်စန်းဝင်း (မြစန်းသော်တာ ရောင်းဝယ်ရေး)၊ ဒုတိယဥက္ကဋ္ဌ ဦးဘိုသင်းနှင့် ဈေးအကျိုးတော် ဆောင်များက ကျောင်းသား၊ ကျောင်းသူ ၂၂၀ တို့အတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို လှူဒါန်းကြောင်း သိရသည်။ **(ဝဲပုံ)** (၄၆၉)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၉-၂၀၁၀
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ရောဂန္တရ ကင်းဝေးကြပါစေ
၇:၁၅ ၄။ ဓမ္မပူဇာတေး
၇:၂၀ ၅။ မျိုးချစ်တပ်မတော်
၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၅၀ ၅။ မဟာဂီတချိုကြည်မြ
၅:၀၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ကိုရီးယားကျားသစ်များ (အပိုင်း-၂)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၃၀ ၁၄။ "ရွှာ"ဟာသဇာတ်လမ်းတွဲ -ဆေးခန်းသွားတဲ့ည (တိမ်ညွန့်၊ ကြာညိုသွယ်၊ မိုးအိန်ဂျယ်) (ဒါရိုက်တာ-မိုးဇော်ကို)
၆:၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၅၀)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရှင်သန်နေသောသီချင်းများ
၂၂။ အလင်းရောင် (အပိုင်း-၂)
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၈)**
၂၄။ ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

ကွင်းဆင်းကြီးကြပ်

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျောက်တွင်း-ရန်ကင်းတောင်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဝင်းဇော်ဦး ဆောင်ရွက်နေမှုကို ဩဂုတ် ၂၆ ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

☆ **ကာကွယ်ရေးမှ**

တာဝန်ခံအင်ဂျင်နီယာမှူးကြီးက ပင်မတံတားလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဘိုးပိုင်အမှတ် P-10၊ P-11 နှင့် ရေလယ်တိုင် P-16 ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဗိုလ်ချုပ်လှမင်းက စီမံကိန်းရှင်းလင်းဆောင်မှ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ရောဝတီတံတား(ညောင်တုန်း) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

Computer Networking ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

ICT ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာလူငယ်များအတွင်း Coumputer Networking ပညာရပ်များ တိုးတက်ပြန့်ပွားစေရန် ရည်ရွယ်ချက်ဖြင့် NetInfo နည်းပညာသင်တန်းက ကြီးမှူး၍ Computer Networking နှင့် Professional အလုပ်အကိုင်အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို စက်တင်ဘာ ၁၈ရက်(စနေနေ့) နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ရှိ ကွန်ဖရင့်ဟော၌ ကျင်းပမည်ဖြစ်သည်။ နိုင်ငံတကာ အသိအမှတ်ပြု CCNA Network Certificate ရရှိစေရန် ညွှန်ပြပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ လေ့လာနိုင်ရန် ကူညီပေးခြင်းတို့ကို ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ၊ ကွန်ပျူတာတက္ကသိုလ်ကျောင်းသားများ၊ နည်းပညာတက္ကသိုလ်ကျောင်းသားများ၊ IDCS, IADCS ရရှိပြီးသူများ၊ တက်ရောက်နေသူများ၊ Networking ကို Professional အဖြစ် ရွေးချယ်ထားသူများ၊ ပြည်ပ၌ ကွန်ပျူတာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများနှင့် မည်သူမဆို အခမဲ့တက်ရောက်နိုင်ပြီး NetInfo နည်းပညာသင်တန်း ဖုန်း-၅၀၇၀၄၅၊ ၆၅၂၂၉၁ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

မြန်မာ-အိန္ဒိယ ကုန်သည်လုပ်ငန်းရှင်များပူးပေါင်း၍ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အိန္ဒိယနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ ဦးဆောင်ကာ အိန္ဒိယအရှေ့မြောက်ဒေသပြည်နယ်များမှ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့တို့ ပူးပေါင်း၍ "Strengthening Border Trade between North East India and Myanmar; The Way Forward" ဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ရက် ညနေ ၃နာရီတွင် မန္တလေးမြို့ Sedona Hotel ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ဦးအောင်နိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် အဖွဲ့ဝင်များ၊ မြန်မာကုန်သည် လုပ်ငန်းရှင်များ၊ အိန္ဒိယသမ္မတနိုင်ငံ ပါလီမန်အမတ် Mr. Mani Shanker Aiyar နှင့် မီဇိုရမ်ပြည်နယ် ဂုဏ်ထူးဆောင် ကုန်သွယ်ရေးဝန်ကြီး Mr. Lalrinllana Sailo တို့ဦးဆောင်သော အိန္ဒိယကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအောင်ထွန်း၊ အိန္ဒိယသမ္မတနိုင်ငံ ပါလီမန်အမတ် Mr. Mani Shanker Aiyar နှင့် မီဇိုရမ်ပြည်နယ် ဂုဏ်ထူးဆောင် ကုန်သွယ်ရေးဝန်ကြီး Mr. Lalrinllana Sailo၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Dr. VS Seshadri နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်တို့က အခမ်းအနားကို ဆီမီးထွန်းညှိ ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၊ အိန္ဒိယသမ္မတနိုင်ငံပါလီမန်အမတ်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အိန္ဒိယအရှေ့မြောက်ဒေသ ကုန်သည်အသင်းဥက္ကဋ္ဌ Mr. M.K. Saharia တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က The Brief on Myanmar-India Border Trade စာတမ်းကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှု

ထို့နောက် ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော မြန်မာ့ပို့ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်ဖက်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကုန်သွယ်လုပ်ငန်းရှင်များသည် ရင်းနှီးချစ်ကြည်စွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်း မြန်မာ-အိန္ဒိယ ကုန်သည်လုပ်ငန်းရှင်များ ပူးပေါင်း၍ Strengthening Border Trade between North East India and Myanmar; The Way Forward ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးလက်ရေရရှိရေး ကွင်းဆင်းဆောင်ရွက်

ပင်လောင်း စက်တင်ဘာ ၁၆

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် တောင်သီဖွားကျေးရွာအုပ်စု ဇကကျေးရွာ သောက်သုံးရေရရှိရေးအတွက် အသုံးပြုနိုင်မည့် တစ်ဖက်ပိတ်ဆည် တည်ဆောက်ရေးအတွက် စက်တင်ဘာ ၂ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးကိုတို့ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆွေးနွေးဟောပြော

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ သီရိမြိုင်ယာဉ်မောင်းသင်တန်းကျောင်းမှ သင်တန်းမှူး ဒုတိယရဲမှူးခင်မောင်ဝင်းနှင့်အဖွဲ့သည် စက်တင်ဘာ ၁၃ ရက် နံနက် ၉နာရီတွင် တာမွေမြို့နယ် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ဗဟိုကော်မတီရုံး၌ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၂၂၁ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

သစ်တော သစ်ပင် ဒို့ချစ်ခင်

Yangon LifeStyle Furniture Fair 2010 Sinma Furnishings Co.,Ltd. မှ ပါဝင်ပြသ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ Yangon Life Style Furniture Fair 2010 ပြပွဲကို ပြသလျက်ရှိရာ Main Sponsor ဖြစ်သော Sinma Furnishings Co.,Ltd.က ပါဝင်ပြသလျက်ရှိသည်။

အဆိုပါ ပြခန်းတွင် ခေတ်မီနေအိမ်၊ ရုံးခန်း၊ ဥယျာဉ်၊ ခြံနှင့် စားသောက်ဆိုင်၊ ကဖေးဆိုင်သုံး ပရိဘောဂမျိုးစုံကို ခင်းကျင်းပြသထားသည်။ ဒီဇိုင်းအားဖြင့် Classic Design, Modern Design အပြင် Neo-Classic Design တို့ကို ပြသထားရာဝယ်ယူသူစိတ်ကြိုက်ရွေးချယ်စရာ စုံလင်စွာ ပြသထားသည်။ ထို့ပြင် အိပ်ရာခင်းနှင့် စောင်ဒီဇိုင်းမျိုးစုံ၊ အရွယ်အစားမျိုးစုံကိုလည်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက် ရှိသည်။ အိပ်ခန်း၊ ဧည့်ခန်းသုံး ကော်ဇောချပ်ကြီးများကိုလည်းကောင်း၊ ကြမ်းခင်းအပြည့် ခင်းကျင်းရသော ခန်းလုံးပြည့် ကော်ဇောများကို လည်းကောင်း နိုင်ငံစုံမှတင်သွင်းပြီး အရောင်အသွေး၊ ဒီဇိုင်းအမျိုးအစား စုံလင်စွာ ပြသထားသည်။

အဆောက်အအုံတစ်လုံး၏ ပရိဘောဂနှင့် ကြမ်းခင်းအလှအပများအတွက် သာမက နံရံများနှင့် ပြတင်းပေါက်များကို အလှအပဆုံးဖန်တီးပေးနိုင်ရန် Vinyl, Wallcoverings များကိုလည်းကောင်း၊ ခန်းဆီးလိုက်ကာ ပိတ်ဇာနှင့် ကြိုးမျှင်လိုက်ကာ မျိုးစုံကိုလည်းကောင်း ပြပွဲကာလ လေးရက်အတွင်း ဝယ်ယူသူများကို ၁၀ရာခိုင်နှုန်းမှ ၃၅ရာခိုင်နှုန်းထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။ အထူးဝန်ဆောင်မှုအဖြစ် ပြပွဲကာလအတွင်း ဝယ်ယူအားပေးသူများအတွက် ကော်ဇောခင်းခြင်း၊ Wallpaper ကပ်ခြင်း၊ ခန်းဆီးလိုက်ကာချုပ်လုပ်ပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

မိမိတို့၏ Life Style ကို ပိုမိုပြည့်စုံအောင် ပံ့ဖော်ပေးနိုင်မည့် ဆီဆေးပန်းချီမျိုးစုံနှင့် နာရီမျိုးစုံတို့ကိုလည်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ မိမိစိတ်ကြိုက်ဒီဇိုင်း၊ အရွယ်အစားနှင့် အရောင်အသွေး အတိုင်း အိမ်သုံး၊ ရုံးသုံး၊ စီးပွားရေးလုပ်ငန်းသုံး၊ စူပါမားကတ်သုံး ပရိဘောဂများကို စိတ်တိုင်းကျ မှာယူနိုင်သည်။ မှာယူသူများကို Sinma Furnishings Co.,Ltd. ပိုင် သစ်အခြေခံ စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်သောစက်ရုံ၊ အလုပ်ရုံငါးရုံမှ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် နယ်မြို့များအထိပါ ဝန်ဆောင်မှုပေးလျက်ရှိသည်။

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပသည့် Yangon LifeStyle Furniture Fair 2010 ပြပွဲတွင် Sinma Furnishings Co.,Ltd. ပါဝင်ပြသစဉ်။

(သတင်းစဉ်)

အရောင်းပြခန်းကို အမှတ်(၇၁) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ် ဖုန်း-၂၂၇၀၂၆၊ အမှတ်(၅၅/၆၁) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၉၀၈၂၊ ၂၄၃၇၇၉ တို့တွင် ဖွင့်လှစ်ထားရှိသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၇၃၀၂၅၉၂၃၊ ၀၉-၅၀၅၇၀၇၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဟောပြောပွဲ ခေတ္တရွှေ့ဆိုင်း

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) က စက်တင်ဘာ ၁၈ ရက်(စနေနေ့)တွင် ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်း (ရသာကွန်ဒို)၌ ကျင်းပရန်စီစဉ်ထားသည့် ဒေါ်သီတာဟန် Senior Lecturer (MHR)က ဟောပြောမည့် "Historical Development of Tourism in Developed and Developing Countries" ဟောပြောပွဲကို ခေတ္တရွှေ့ဆိုင်းလိုက်ကြောင်းနှင့် ဟောပြောပွဲပြုလုပ်မည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၉-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၃၀	၉။	"ပြင်ဦးလွင်ခရိုင်အတွက် အခွင့်အရေးကောင်းတစ်ခု ကျောက်အိုးတံတားက သက်သေပြု"
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အတီးပြိုင်ပွဲ
၄း၃၅	၄။	နှောင်းခေတ်တေးပဒေသာ
၄း၄၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀	၇။	မြန်မာစာ၊ မြန်မာစကား
၅း၂၅	၈။	တေးဂီတအစီအစဉ်
၅း၃၅	၉။	ရိုးသားဖြူစင်ကလေးတို့အသွင်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ)(အပိုင်း-၃၅)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	စည်းလုံးတဲ့မြေ(စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ တေးရေး-မောင်သဲကြည်(မအူပင်)
	၁၈။	"လျှပ်တစ်ပြက်ဟာသများ"
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ) (အပိုင်း-၂၂)**
	၂၀။	သီချင်းချစ်သူ (အထူးအစီအစဉ်)(အပိုင်း-၂)
	၂၁။	အစီအစဉ်ပြီး၏။

အနောက်ဘက်ကမ်း၌ အိမ်ရာတည်ဆောက်မှု ဆိုင်းငံ့ကာလ သုံးလသက်တမ်းတိုးရန် အစ္စရေးကို အီဂျစ်တိုက်တွန်း

ဂျေရုစလင် စက်တင်ဘာ ၁၆ - အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် အနောက်ဘက်ကမ်းအခြေစိုက် အိမ်ရာတည်ဆောက်မှုစီမံကိန်းကို သုံးလရပ်ဆိုင်းပေးထားရန် အီဂျစ်သမ္မတ ဟိုစနီမူဘာရက်က အစ္စရေးနိုင်ငံကို တိုက်တွန်းခဲ့ကြောင်း စက်တင်ဘာ ၁၆ ရက်သတင်းများတွင် ဖော်ပြသည်။

ယင်းကဲ့သို့ အနောက်ဘက်ကမ်းဒေသ၌ ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်မှုကို ခေတ္တဆိုင်းငံ့ပေးထားပါက အစ္စရေးနှင့်ပါလက်စတိုင်းတို့အတွက် နှစ်နိုင်ငံ အနာဂတ်နယ်စပ်များသတ်မှတ်နိုင်ရေးအတွက် အချိန်ပိုမိုရရှိမည်ဖြစ်ကြောင်း အီဂျစ်သမ္မတက အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကို ပြောကြားခဲ့သည်။

သို့ရာတွင် အစ္စရေးဝန်ကြီးချုပ်ရုံးက အနောက်ဘက်ကမ်းဒေသတွင် အခြေစိုက်အိမ်ရာများတည်ဆောက်မှုဆိုင်းငံ့ကာလကို သက်တမ်းထပ်မံတိုးမြှင့်မည်မဟုတ်ကြောင်း စက်တင်ဘာ ၁၅ ရက်က ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အနောက်ဘက်ကမ်းဒေသ၌ ဂျူးအခြေစိုက်အိမ်ရာများတည်ဆောက်မှု ဆိုင်းငံ့ကာလသည် စက်တင်ဘာလနှောင်းပိုင်းတွင် သက်တမ်းပြည့်ပြီဖြစ်သည်။

သို့ရာတွင် ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်မှုနှင့်ပက်သက်၍ ကန့်သတ်ချက်အချို့ကိုမူ ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ၎င်း၏သဘောထားကို ထုတ်ဖော်ခဲ့သည်။ **အေပီ။**

ဂြိုဟ်တုလွှတ်တင်ရေးစီမံကိန်း ဘင်္ဂလားဒေ့ရှ်အကောင်အထည်ဖော်မည်

ဒါကာ စက်တင်ဘာ ၁၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြန်ကြားရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရန် ဂြိုဟ်တုလွှတ်တင်ရေးစီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့၏ စက်တင်ဘာ ၁၆ ရက် သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ရေဒီယို/ရုပ်သံ ထုတ်လွှင့်ရေး

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးလုပ်ငန်းများကို နိုင်ငံတကာအဆင့်အတန်းနှင့်အညီ လုပ်ကိုင်သွားနိုင်ရန် ဂြိုဟ်တုလွှတ်တင်မည် ဖြစ်ကြောင်း အဆိုပါ သတင်းကြေညာချက်တွင် ဖော်ပြသည်။

ဂြိုဟ်တုလွှတ်တင်ရေးစီမံကိန်းအကောင်အထည်ဖော်ရန် ဝန်ကြီးအဆင့် အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ ကျွမ်းကျင်သူ ပညာရှင်များတက်ရောက်ခဲ့ကြပြီး ဂြိုဟ်တုလွှတ်တင်ရေးစီမံကိန်းအကောင်အထည်ဖော်ရေးကိစ္စကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

သုံးနှစ်အတွင်း

ဂြိုဟ်တုလွှတ်တင်နိုင်ရန် ဒေါ်လာသန်း၂၀၀မှ သန်း၃၀၀အထိ ကုန်ကျမည်ဖြစ်ကြောင်း၊ သုံးနှစ်အတွင်း ဂြိုဟ်တုလွှတ်တင်နိုင်မည်ဟု မျှော်လင့်ရကြောင်း ကျွမ်းကျင်သူပညာရှင်များက ပြောကြားသည်။ **ဆင်ဟွာ။**

ဟောင်ကောင်ကမ္ဘာလှည့်ခရီးသည်ရှစ်ဦး ပြန်ပေးဆွဲသူ၏ လက်ချက်ဖြင့်သေဆုံးခဲ့ရခြင်းဖြစ်

မနီလာ စက်တင်ဘာ ၁၆

ဖိလစ်ပိုင်နိုင်ငံတွင် လွန်ခဲ့သည့်လက ဘတ်စ်ကားတစ်စီး ပြန်ပေးဆွဲခံရချိန်အတွင်း သေဆုံးခဲ့ရသော ဟောင်ကောင် ကမ္ဘာလှည့် ခရီးသည်ရှစ်ဦးသည် ပြန်ပေးဆွဲသူ၏ လက်ချက်ကြောင့် အသက်ဆုံးရှုံးခဲ့ကြရခြင်းဖြစ်ကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များကို ကယ်တင်ရန် ကြိုးပမ်းသည့်စစ်ဆင်ရေးပြုလုပ်ချိန်တွင် ၎င်းတို့ သေဆုံးရခြင်းမဟုတ်ကြောင်း တရားရေးဝန်ကြီး လီလာဒီလီမာလီမာက ယနေ့တွင် ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသည်များအား ကယ်တင်နိုင်ရေးအတွက် လုပ်ဆောင်ရာ၌ လွဲမှားစွာ ဆောင်ရွက်ခဲ့ခြင်းအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် သတင်းထောက်များဖြစ်သည့် လူ ၁၀ ဦးထက်မနည်းကို ရုံးတင်စစ်ဆေးမည်ဖြစ်ကြောင်း ဖိလစ်ပိုင်တရားရေးဝန်ကြီးက ပြောကြားသည်။

ကမ္ဘာလှည့်များအား ကယ်တင်ရန် ကြိုးပမ်းသည့် စစ်ဆင်ရေးလုပ်ငန်းအတွင်း ရဲတပ်ဖွဲ့၏လက်ချက်ဖြင့် ခရီးသည်အချို့ သေဆုံးခဲ့ရဖွယ်ရှိသည်ဟု တရားရေးဝန်ကြီးက လွန်ခဲ့သည့်ရက်သတ္တပတ်တွင် ပြောကြားခဲ့သည်။

သို့ရာတွင် ခရီးသည်ရှစ်ဦး သေဆုံးခဲ့ရခြင်းသည် ပြန်ပေးဆွဲသူ၏ လက်ချက်ကြောင့်ဖြစ်ရသည်ဟု ခရီးသည်ဘဝမှ လွတ်မြောက်ခဲ့သော မျက်မြင်တွေ့ရှိသူများ၏ ပြောဆိုချက်များကို ကိုးကားလျက် တရားရေးဝန်ကြီးက ထောက်ပြခဲ့သည်။

ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသည့် ဘတ်စ်ကားပြန်ပေးဆွဲခံခဲ့ရပြီးနောက် ရဲတပ်ဖွဲ့က စစ်ဆင်ရေးဆောင်ရွက်ပုံကို ရုပ်မြင်သံကြားဌာနများက တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ရာ တရုတ်နှင့်ဟောင်ကောင်တို့ရှိ ပြည်သူများ ဒေါသထွက်ခဲ့ကြသည်။

ကမ္ဘာလှည့်ခရီးသည်တင်ကား ပြန်ပေးဆွဲခံခဲ့ရသည့် ဖြစ်ရပ်သည် ဖိလစ်ပိုင်သမ္မတသစ် ဘီနစ်ကိုအကွီနို၏ စီမံခန့်ခွဲမှုစွမ်းရည်ကို စမ်းသပ်ရာရောက်ခဲ့သည်။

ဘတ်စ်ကားပြန်ပေးဆွဲခံရမှုနှင့်ပတ်သက်၍ စေ့စပ်ဆွေးနွေးမှုပျက်ပြားအောင် ရုပ်မြင်သံကြားဌာနသတင်းထောက်များ လုပ်ဆောင်ခဲ့ခြင်း ရှိ၊ မရှိ ကြားနာစစ်ဆေးမှု ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ **ပီတီအိုင်။**

ဩစတြေးလျမာရသွန်အပြေးသမား မြောက်ဝင်ရိုးစွန်းမှ တောင်ဝင်ရိုးစွန်းသို့ ၁၄နိုင်ငံ ဖြတ်သန်းပြေးလွှားမည်

ဆစ်ဒနီ စက်တင်ဘာ ၁၆

ပက်ဖားမားအမည်ရှိ ဩစတြေးလျနိုင်ငံသား မာရသွန်အပြေးသမားတစ်ဦးသည် တောင်ဝင်ရိုးစွန်းနှင့်မြောက်ဝင်ရိုးစွန်းအကြား ခရီးအကွာအဝေးကို ဖြတ်သန်းပြေးလွှားရန် စီစဉ်လျက်ရှိကြောင်း စက်တင်ဘာ ၁၄ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ မာရသွန်အပြေးသမားသည် မိုင်ပေါင်း ၁၃၀၀၀ ရှည်လျားသော မာရသွန်ခရီးစဉ်အတွင်း အမေရိကတိုက် နိုင်ငံပေါင်း ၁၄ နိုင်ငံကို ဖြတ်ကျော်ရမည်ဖြစ်သည်။ ယင်းကဲ့သို့ တောင်နှင့်မြောက် ဝင်ရိုးစွန်းဒေသနှစ်ခုအကြား မာရသွန်ခရီးရှည်အတွင်း ကမ္ဘာ့ကြက်ခြေနီအဖွဲ့၏ သောက်သုံးရေနှင့် ရေဆိုးသန့်စင်ရေး အစီအစဉ်အတွက် ရန်ပုံငွေ ဒေါ်လာသန်း ၁၀၀ ရရှိပြည့်မီရေးအတွက် ပါဝင်ကူညီသွားရန် ဖားမားက ရည်ရွယ်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။



၁၁ လမျှ ကြာမြင့်ဖွယ်ရှိသည့် မာရသွန်ခရီးရှည်အတွင်း ပက်ဖားမားသည် အာတိတ်လွင်ပြင်ဒေသများမှသည် အပူပိုင်းလတ္တီတွဒ် ဒေသများအထိ ဖြတ်သန်းပြေးလွှားရမည်ဖြစ်ပြီး ဖိနပ်အရန် ၄၀ ကျော်နှင့် ခြေအိတ်အစုံ ၃၀၀ ကျော်ကို ပြောင်းလဲ သုံးစွဲရဖွယ်ရှိသည်။

အချိန်ကာလ ပြဿနာကြောင့် ပက်ဖားမားသည် ဝင်ရိုးစွန်းဒေသနှစ်ခုအကြား ခရီးစဉ်ကို တစ်နေ့လျှင် ကီလိုမီတာ ၈၀ နှုန်း၊ အချို့ရက်များတွင် ကီလိုမီတာ ၁၄၀ နှုန်းဖြင့် နားရက်မယူဘဲ ပြေးရမည်ဟုဆိုသည်။ ပက်ဖားမား၏ မာရသွန် ခရီးရှည်သည် ၂၀၁၁ ခုနှစ် မတ်လတွင် မြောက်ဝင်ရိုးစွန်းဒေသမှ အစပြုမည်ဖြစ်သည်။ **အေအက်ဖ်ပီ။**

ချီလီမိုင်းလုပ်သားများကို ကယ်ဆယ်ရန် ကြိုးပမ်းနေသော လုပ်ငန်းခွင်။

ပိတ်မိချီလီမိုင်းလုပ်သားများ နိုဝင်ဘာလတွင် ပြန်လည်လွတ်မြောက်ဖွယ်ရှိ

ကိုပီယာပို စက်တင်ဘာ ၁၆ - ချီလီနိုင်ငံ ရွှေနှင့်ကြေးနီ သတ္တုတွင်းမြေအောက်တွင် ပိတ်မိနေသော ချီလီမိုင်းလုပ်သား ၃၃ ဦးတို့သည် နိုဝင်ဘာလ စောစောပိုင်းတွင် ပြန်လည်လွတ်မြောက်နိုင်ဖွယ်ရှိသည်ဟု ကယ်ဆယ်ရေးလုပ်ငန်းကြီးကြပ်သူ အင်ဂျင်နီယာများက ပြောကြားကြောင်း စက်တင်ဘာ ၁၅ရက် သတင်းများတွင် ဖော်ပြသည်။

မိုင်းတွင်းကယ်ဆယ်ရေးကျွမ်းကျင်သူများသည် မူလက ခရစ္စမတ်ကာလများထိတိုင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရဖွယ်ရှိကြောင်း ခန့်မှန်းခဲ့ကြသည်။

သို့ရာတွင် ပိတ်မိမိုင်းလုပ်သားများကို လုံခြုံရာသို့ရွှေ့ပြောင်းပေးနိုင်မည့် ကယ်ဆယ်ရေးတွင်းကို တူးဖော်နေသော တွင်းတူးစက်သည် ယခုအချိန်၌ မြေအောက်အနက် မီတာ ၃၅၀ ထိတိုင် တူးဖော်နိုင်ပြီဖြစ်ကြောင်း ချီလီအင်ဂျင်နီယာတစ်ဦးက ထုတ်ဖော်ပြောကြားသည်။ ယခုရောက်ရှိနေပြီဖြစ်သည့် ကယ်ဆယ်ရေးတွင်းအနက်သည် လွန်ခဲ့သည့် ၄၂ ရက်က စတင်၍ ပိတ်မိနေခဲ့သော မိုင်းတွင်းအလုပ်သမားများထံ ရောက်ရှိရန် ခရီးစဉ်တစ်ဝက်ကျိုးခဲ့ပြီဟု ဆိုနိုင်ဖွယ်ရှိသည်။

ပိတ်မိမိုင်းလုပ်သားများကို ကယ်ဆယ်ရန် တွင်းဝချဲ့ထွင်တူးဖော်နေသော တွင်းတူးစက် နှစ်လုံးအနက် ရှရမ်တီ -၁၃၀ ဟူသည့် စက်သည် သတ္တုလွှာအစိတ်အပိုင်းတစ်ခုနှင့် ထိခိုက်မိ၍ လွန်သွားကျိုးပဲ့ခဲ့ပြီးနောက် စက်တင်ဘာ ၁၅ရက်တွင် လုပ်ငန်းပြန်လည်စတင်ပြီဖြစ်ကြောင်း သိရသည်။ **အင်တာနက်။**

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆက်လက်ကျင်းပနေစဉ် ဂါဇာစစ်သွေးကြွများနှင့် အစ္စရေးတပ်ဖွဲ့အကြား တိုက်ပွဲဖြစ်

ဂျေရုစလင် စက်တင်ဘာ ၁၆

အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်များ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့်အတူ ဂျေရုစလင်မြို့တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပနေစဉ် ဂါဇာဒေသမှ စစ်သွေးကြွများနှင့် အစ္စရေးတပ်ဖွဲ့တို့အကြား အပြန်အလှန် တိုက်ခိုက်မှုများ စက်တင်ဘာ ၁၅ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေးရယူမည်ကို မလိုလားသော ဂါဇာကမ်းမြောင်ဒေသမှ စစ်သွေးကြွအုပ်စုများသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ လမ်းကြောင်း သွေဖည်သွားစေရန် ကြံစည်ခြိမ်းခြောက်လျက်ရှိသည်။

အစ္စရေးစစ်ဘက်၏ အဆိုအရ ဂါဇာကမ်းမြောင်မှ စစ်သွေးကြွများသည် အစ္စရေးနိုင်ငံကို စိန်ပြောင်းဖြင့် ရှစ်ချက်ပစ်ခတ်ခဲ့သည့်အပြင် ဒုံးကျည်တစ်စင်းနှင့်လည်း ပစ်ခတ်ခဲ့ကြောင်း သိရသည်။ စိန်ပြောင်းကျည်ဆန်ထိပ်ဖူးနှစ်ခုတွင် မီးစုန်းများ ထည့်သွင်းထားကြောင်း အစ္စရေးရဲတပ်ဖွဲ့က ဆိုသည်။

ယင်းသို့ ပစ်ခတ်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးလေတပ် တိုက်လေယာဉ်များက ဂါဇာကမ်းမြောင်နှင့် အီဂျစ်နယ်စပ်တစ်လျှောက်ရှိ မှောင်ခိုလုပ်ငန်းလုပ်ကိုင်ရာ မြေအောက်ဥမင်များကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းတစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရခဲ့ကြောင်း ဟားမားစ်လှုပ်ရှားမှုအဖွဲ့က သတင်းထုတ်ပြန်သည်။ **အေပီ။**

ဂါဇာကမ်းမြောင်မှ စစ်သွေးကြွများ၏ တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့် အားဖြင့် အစ္စရေးလေတပ်က စက်တင်ဘာ ၁၅ ရက်တွင် ထိုးစစ်ဆင်ခဲ့ရာ ပျက်စီးသွားသော မြေအောက်ဥမင်တစ်ခုကို တွေ့ရစဉ်။

✻ ရွှေဖုံးမှ

ကန်ပြားကျေးရွာသည် မကွေးမြို့မှ ခုနစ်မိုင်ခန့်ကွာဝေးပြီး မကွေး-မန္တလေး လမ်းမကြီးပေါ်ရှိ ရွာတစ်ရွာဖြစ်သည်။ နည်းပညာတက္ကသိုလ်(မကွေး)မှာ ယင်းရွာအနီးတွင် တည်ရှိသည်။

ထို့အပြင် အဆိုပါရွာအနီးတွင် နတ်မောက်မြို့နှင့် ပျော်ဘွယ်မြို့သို့ ဆက်သွယ်ထားသည့် မကွေး-နတ်မောက်-ပျော်ဘွယ်လမ်းဆုံရှိသည်။ လမ်းဆုံအနီးတွင်တော့ ညီညာပြန့်ပြူးသော မြေသားလမ်းသစ်ကြီးတစ်ခု ဖောက်လုပ်ပြီးစီးနေပေပြီ။ ယင်းလမ်းသစ်ကြီးပေါ်တွင် မော်တော်ယာဉ်ဖြင့် သွားရောက်လေ့လာကြည့်မိသည်။ လမ်းတစ်လျှောက် ကျောက်ခင်းသူက ခင်းနေသည်။ လမ်းကြိတ်စက်များ၊ ယန္တရားများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေသည်ကိုလည်း တွေ့ခဲ့ရသည်။

လမ်းအခြေအနေကို သိရှိလို၍ မေးမြန်းစူးစမ်းကြည့်ရာ စီမံကိန်းတာဝန်ခံဖြစ်သူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးဝင်းဖေက **"ဒီလမ်းက နေပြည်တော်-တောင်ညို- မြို့သစ်-ကန်ပြား(မကွေး)လမ်းမကြီးပါ။ ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်တဲ့လမ်းမကြီး ခုနစ်သွယ်ထဲမှာ တစ်ခုအပါအဝင်ပေါ့။ လမ်းသစ်ကြီးဖောက်လုပ်ခဲ့ရာမှာ အခုမြေသားလမ်းအဆင့်ပြီးစီးလို့ ကျောက်ခင်းနေတာပါ။ ရာသီမရွေးသွားလာနိုင်တဲ့ ကတ္တရာလမ်းအဖြစ် ဖောက်လုပ်သွားမှာပါ"**ဟု ပြောကြားပြီး လမ်းဆိုင်ရာ အချက်အလက်များကို ရှင်းပြသည်။

အဆိုပါ လမ်းမကြီးကား လမ်းအရှည် ၁၀၇ မိုင် ၂ ဖာလုံရှိသည်။ လမ်းဖောက်လုပ်ရာတွင် စုစုပေါင်း မိုင် ၈၀ နှင့် ၄ ဖာလုံမှာ လမ်းသစ်ကြီးအဖြစ် တောကိုရှင်း၊ တောင်ကိုဖြတ်၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ နေပြည်တော် (သပြေကုန်းအဝိုင်း)မှ ပန်းတင်ကျေးရွာအထိ ၁၉ မိုင် ၆ ဖာလုံနှင့် ကန်ပြား-မကွေး လမ်းပိုင်း ၇ မိုင်တို့သာလျှင် မူလရှိနှင့်ပြီးသား ကတ္တရာလမ်းများဖြစ်သည်။

စီမံကိန်းရည်ရွယ်ချက်နှင့် ပတ်သက်၍ အင်ဂျင်နီယာချုပ်က "နေပြည်တော်နဲ့ မကွေးမြို့ကိုဆက်သွယ်ထားတဲ့ မကွေး-တောင်တွင်းကြီး-ချောင်းနက်- နေပြည်တော်လမ်းထက် ခရီးမိုင်တိုတောင်းပြီး ရိုးမကိုဖြတ်ကျော်ရာမှာလည်း အတက်အဆင်း ပြေပြစ်စွာသွားလာနိုင်စေဖို့အတွက် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ ဒီလမ်းကို ဖောက်လုပ်ခဲ့တာပါ။ ဒါ့အပြင် အရင်က မော်တော်ကားလမ်းမရှိလို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲနေတဲ့ ကျေးရွာတွေ၊ ဒေသတွေကို ဖြတ်သန်းဖောက်လုပ်ပေးတဲ့အတွက် ဒီဒေသတွေက ဒေသခံပြည်သူတွေ သွားလာရေးအဆင်ပြေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေဖို့ကိုလည်း ရည်ရွယ်ဆောင်ရွက်ခဲ့တာပါ" ဟု ရှင်းလင်းပြောကြားသည်။

လမ်းကို ၂၀၀၇ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် လမ်းအူကြောင်းအသစ် တစ်ကြောင်းထိုးလမ်း မိုင် ၃၀ ကို ဖောက်လုပ်နိုင်ခဲ့သည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင်လည်း မိုင် ၃၀ ထပ်မံတိုးချဲ့ ဖောက်လုပ်နိုင်ခဲ့သည်။ ၂၀၀၉ ဒီဇင်ဘာလတွင်မူ နိုင်ငံတော်၏ လမ်းညွှန်စီမံပေးမှုနှင့်အတူ လမ်းဖောက်လုပ်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၀ ဇွန်လတွင် မြေသားလမ်းအဆင့် ဖောက်လုပ်ပြီးစီးခဲ့သည်။

မြေသားလမ်းသစ်ဖောက်လုပ်ရာတွင် ၄၂ မိုင်မှာ ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်ရသည်။ တောထူထပ်ပြီး မတ်စောက်သော တောင်ကုန်းတောင်တန်းများပေါ်၌ လမ်းအတက်အဆင်း (Gradient) ပြေပြစ်ပြီး အကွေ့အကောက်နည်းပါးသော လမ်းအူကြောင်းသစ်ရရှိစေရန် ခက်ခက်ခဲခဲ ရှာဖွေဖောက်လုပ်ခဲ့ရကြောင်း အင်ဂျင်နီယာချုပ်က ရှင်းပြသည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဆောက်လုပ်ရေး အဖွဲ့များသာမက ကုမ္ပဏီအဖွဲ့(၇)ဖွဲ့ပါ ပါဝင်စုဖွဲ့၍ လမ်းဖောက်လုပ်ရေးလုပ်ငန်းကို အင်တိုက်အားတိုက် တက်ကုန်ရွက်စုံဖွင့်၍ ကြီးမားလှသော တောင်ကုန်း တောင်တန်းကြီးများကို ခက်ခက်ခဲခဲ ဖြတ်ထုတ်ရသည်။ ပမာအားဖြင့် မိုင်တိုင်အမှတ် (၂၀)ရှိ တောင်ကုန်းအား အတက်အဆင်း ပြေပြစ်အောင်ဆောင်ရွက်ရာတွင် အမြင့် ပေ ၁၀၀ ခန့်၊ မြေကျင်းပေါင်း

ဆောင်ရွက်ခဲ့သည်။ လမ်းကျယ်ရမည်၊ ဖြောင့်ရမည်၊ အတက်အဆင်းပြေပြစ်ရမည်ဟူသော ရည်မှန်းချက်ဖြင့် အတက်အဆင်း (Gradient) ၇ ရာခိုင်နှုန်းထိ ရရှိစေရန် မြေတူးမြေဖြတ်လုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် မနေမနား ဆောင်ရွက်ခဲ့ရသည်။ ထုထည်ပမာဏ နှစ်သိန်း ခန့်ကို ဖြတ်ထုတ်ခဲ့ရကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

လမ်းဖောက်လုပ်ရာတွင် ၇ မိုင် ၄ ဖာလုံကို လမ်းအထူးဆောက်လုပ်ရေး အဖွဲ့(၅)နှင့် မကွေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က ဆောင်ရွက်ခဲ့ပြီး ၇၃မိုင်ကို King General Service ကုမ္ပဏီ၊ တက်သစ်ဝေကုမ္ပဏီ၊ ပန်းသီကုမ္ပဏီ၊ စွမ်းအားပြည့်ကုမ္ပဏီ၊ စိန်နှင့်သောင်းကုမ္ပဏီ၊ တော်ဝင်မြင့်မြတ်သူကုမ္ပဏီနှင့် Multy Heavy Equipment ကုမ္ပဏီတို့က ဖောက်လုပ်ခဲ့သည်။

လမ်းဖောက်လုပ်ခဲ့မှုနှင့် ပတ်သက်၍ ကုမ္ပဏီများအားမေးမြန်းကြည့်ရာ ပန်းသီကုမ္ပဏီမှ ဒါရိုက်တာ ဦးထင်လင်းနိုင်က "ကျွန်တော်တို့ ကုမ္ပဏီ တာဝန်ယူ ဖောက်လုပ်ခဲ့တဲ့ လမ်းအရှည်က ၈မိုင် ၄ဖာလုံရှိပါတယ်။ မတ်စောက်တဲ့ တောင်ပေါ်ပိုင်းမှာ ဖောက်လုပ်ရတာပါ။ တချို့တောင်ကုန်းတွေဆိုရင် စက်ယန္တရားတွေ မတက်နိုင်လို့ လူအင်အားနဲ့ပဲ တောရှင်း၊ ပစ္စည်းသယ် စတာတွေ လုပ်ခဲ့ရတယ်။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က လုပ်ငန်းစတင်ခဲ့ပြီး ယခုမြေသားလမ်းပြီးစီးလို့ ကွန်ကရစ်ရေပြွန်တွေ တည်ဆောက်နေပါတယ်"ဟု ပြောကြားသည်။

အလားတူ King General Service ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေဝင်းက ကုမ္ပဏီအနေဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးလမ်းဆုံမှ ဇလုပ်ကြီးရိုးအနီးအထိ ၃ မိုင် ၇ ဖာလုံနှင့် ကန်ပြားဘက်ခြမ်း၌ ၁၂ မိုင် စုစုပေါင်း ၁၅ မိုင် ၇ ဖာလုံကို ဖောက်လုပ်ခဲ့ကြောင်း၊ တစ်ကြောင်းထိုး ထိုးခြင်း၊ တောရှင်းခြင်း၊ လမ်းဘေးဘယ်ညာ ပေ ၁၀၀ အကျယ်ချဲ့ခြင်း၊ စွန့်ပစ်မြေများဖယ်ရှားခြင်းနှင့် လမ်းအူကြောင်းတစ်လျှောက်ရှိ တောင်များအား ဖြတ်ထုတ်ခြင်း စသည့် လမ်းလုပ်ငန်းများကို သတ်မှတ်ကာလအမီ ပြီးစီး အောင်မြင်အောင် ဆောင်ရွက်ခဲ့ကြောင်း ရှင်းပြသည်။

လမ်းအူကြောင်းသစ်တွင် ပေ ၁၈၀ အထက်ရှိ ချောင်း ၁၀ချောင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ အဆိုပါ ချောင်းများကို ဖြတ်ကျော်နိုင်ရန်အတွက် ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၁၀ စင်းအား တစ်ပြိုင်တည်း တည်ဆောက်နေသည်ကိုလည်း တွေ့ရသည်။ ချောင်းများအနက် ယင်းချောင်းမှာ နွေရာသီတွင်ရေမရှိဘဲ မိုးရာသီတွင်သာ ရေရှိသောချောင်းကြီးတစ်ခုဖြစ်သည်။ ချောင်းပေါ်တွင် ပုံမှန် တံတားတည်ဆောက်မည်ဆိုပါက အရှည်ပေ ၁၄၆၀ ခန့်ရှိ တံတားကြီးတစ်စင်း တည်ဆောက်ရမည်ဖြစ်သည်။ ကုန်ကျစရိတ်လည်း ကြီးမားမည်ဖြစ်သည်။ ယင်းတံတားအစား ချောင်းအတွင်းရှိ မိုးရာသီတွင် ရေစီးရေလာများသော နေရာသုံးနေရာ၌ မြေနိမ့်တံတား (Low Land Bridge) သုံးစင်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ပေ ၅၀ ခန်းဖွင့်သုံးခန်းစီပါဝင်သည့် အရှည်ပေ ၁၅၀ စီရှိသည့် သံကူကွန်ကရစ်တံတားနှစ်စင်းနှင့် ၁၂ ပေအကျယ် သုံးလုံးတွဲပါဝင်သည့် အရှည် ၃၆ ပေရှိ ကွန်ကရစ်ရေပြွန် တံတားတစ်စင်းတို့ဖြစ်သည်။ ချောင်းရေများချိန်တွင် ရေအမြင့်တစ်ပေမှ တစ်ပေခွဲအထိသာရှိသဖြင့် တံတားတစ်စင်းနှင့် တစ်စင်းအကြားတွင် ၅ ပေကွန်ကရစ်ရေပြွန်များအား ပေ ၁၀၀ ခြားတစ်ခုနှုန်းဖြင့် ထည့်သွင်း၍ ကွန်ကရစ်မြေထိန်းနံရံများဖြင့် တည်ဆောက်မည်ဖြစ်ရာ ကုန်ကျစရိတ်လည်း များစွာသက်သာစေမည်ဖြစ်ကြောင်း မေးမြန်းသိရှိရသည်။ ဆောက်လုပ်မည့် အခြားတံတားများမှာ အရှည်ပေ ၄၀၀ရှိ လေိုက်ချောင်းတံတား၊ အရှည်ပေ ၃၆၀ ရှိ ထန်းတပင်ချောင်းတံတား၊ အရှည်ပေ ၃၀၀ ရှိ ရွှေပန်းချောင်းတံတား၊ အရှည်ပေ ၂၀၀ စီရှိသည့် သရက်ခွချောင်းတံတား၊ စွန်ချောင်းတံတား၊ စလေချောင်းတံတားနှင့် လိပ်ကမ်းချောင်းတံတား၊ အရှည်ပေ ၁၈၀ စီရှိသည့် ကိုးပင်ရိုးတံတားနှင့် ပုလင်းချောင်းတံတားတို့ဖြစ်သည်။ ထို့အပြင် ရေစီးရေလာရှိသော လမ်းနေရာများ၌ ကွန်ကရစ်ရေပြွန်များကိုလည်း တည်ဆောက်လျက်ရှိသည်။

လမ်းသစ်ကြီး တစ်လျှောက်လှည့်လည်ကြည့်ရှုလေ့လာရာတွင် ကားလမ်းအပိုင်းအလိုက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဆောက်လုပ်ရေးအဖွဲ့များ၊ ကုမ္ပဏီများက ကျောက်ခင်းလုပ်ငန်းများ၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရသည်။ မိုင်တိုင်အမှတ် (၆၅) မှ (၇၀) အတွင်းတွင် မင်းဘူးခရိုင် ဆောက်လုပ်ရေးအဖွဲ့၊ မိုင်တိုင်အမှတ် (၇၀)မှ (၇၅)အတွင်းတွင် King General Services ကုမ္ပဏီနှင့် မိုင်တိုင်အမှတ် (၇၅)မှ(၈၀/၄)အထိ ကန်ပြားကျေးရွာအနီးတွင် မကွေးခရိုင် ဆောက်လုပ်ရေးအဖွဲ့တို့က ဒေသခံကျေးရွာများမှ လမ်းလုပ်သားများဖြင့် ကျောက်လမ်းခင်းလျက်ရှိသည်။ လမ်းတစ်လျှောက်လုံး၌ လမ်းအထူး ဆောက်လုပ်ရေးအဖွဲ့နှစ်ဖွဲ့၊ ခရိုင်ဆောက်လုပ်ရေးအဖွဲ့ လေးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ၁၁ ဖွဲ့ စုစုပေါင်း ၁၇ ဖွဲ့ဖြင့် လုပ်ငန်းများစုဖွဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းကိုကျယ်အောင်၊ ဖြောင့်အောင်၊ အတက်အဆင်း အနိမ့်အမြင့် ပြေပြစ်အောင် ဖောက်လုပ်ထားသကဲ့သို့ မြေသားလမ်းကို အထပ်ထပ်ကြိတ်ပြီးမှ ကျောက်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း အင်ဂျင်နီယာချုပ်က ရှင်းပြသည်။ မြေသားလမ်းမှာ အကျယ်ပေ ၄၀ မှ ၈၀ အထိရှိပြီး လမ်းကို အကျယ် ၁၂ ပေရှိ ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

အမှန်တကယ်မူ လမ်းတစ်လမ်းဖောက်လုပ်ခြင်းမှာ လွယ်ကူသော ကိစ္စတစ်ရပ်တော့ မဟုတ်ပေ။ ပထမဆုံး ပြေပြစ်သောလမ်းအူကြောင်း ရရှိစေရန် တောကြီးမျက်မည်းထဲတွင် ခက်ခက်ခဲခဲ ရှာဖွေရသည်။ ထို့နောက် တစ်ကြောင်းထိုး ထိုးခြင်း၊ တောရှင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရသည်။ ယင်းနောက် လိုအပ်သော မြေသားလမ်းအကျယ် ရရှိစေရန် မြေသားများဖြတ်ထုတ်ခြင်း၊ ညှိခြင်း စသည်တို့ကို ဆောင်ရွက်ရသည်။ ထိုမှတစ်ဆင့် သတ်မှတ်ခံနိုင်ဝန်ရှိရန်နှင့် မြေအသား သေစေရန်အတွက် အထပ်ထပ် အခါခါ ရေဖျန်း၍ လမ်းကြိတ်စက်ဖြင့် အထပ်ထပ်ကြိတ်ရသည်။ ယင်းသို့

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား (မကွေး)လမ်း၌ ယန္တရားများဖြင့် လမ်းလုပ်ငန်းဆောင်ရွက်စဉ်။

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား (မကွေး)လမ်း၌ တောင်များကို ဖြတ်၍ လမ်းဖောက်လုပ်ထားစဉ်။

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း၌ ကျောက်လမ်းခင်းရန် ပြင်ဆင်နေစဉ်။

မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၅ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ (MITT) သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်တင်ငွေက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆိပ်ကမ်းတံတား သိုလှောင်ရုံများနှင့် ဆိပ်ကမ်းအဆောက်အအုံများတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဗိုလ်ချုပ်တင်ငွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် ရန်ကုန်လူနေမှုစနစ် ပရိဘောဂပြပွဲ (၂၀၁၀) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ရန်ကုန်လူနေမှုစနစ် ပရိဘောဂပြပွဲ (၂၀၁၀) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်လူနေမှုစနစ် ပရိဘောဂပြပွဲ (၂၀၁၀) ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ (MITT) တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် စက်တင်ဘာ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုအား ယင်းဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

မြန်မာ-အမေရိကန်-ပြင်သစ်-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအတွက် ညှိနှိုင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် (MTF)နှင့် T &T Group တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ-အမေရိကန်-ပြင်သစ်-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတစ်ရပ်ကို စက်တင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်များတွင် သုဝဏ္ဏပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲအတွက် ပေါင်းစုညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီက အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားကာ**(အောက်ပုံ)** မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။ အဆိုပါနိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် မြန်မာလက်ဝှေ့ကျော်များဖြစ်သည့် စောငမန်း၊ ဖိုးကေ၊ စိုးလင်းဦးနှင့် သားသားတို့က အမေရိကန်၊ ပြင်သစ်၊ ထိုင်းလက်ဝှေ့သမားတို့နှင့် ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

(မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်)

❍ စာမျက်နှာ ၅ မှ

ဆောင်ရွက်ပြီးမှသာ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရသည်။ သို့မှသာ သတ်မှတ်ခံနိုင်ဝန်ဖြင့် ရာသီမရွေးသွားလာနိုင်သော လမ်းကောင်းတစ်လမ်း ဖြစ်လာပေမည်။ ပဲခူးရိုးမကဲ့သို့ တောတောင် ထူထပ်ပြီး တောင်စွယ်တောင်တန်း များပြားသောဒေသတွင် လမ်းဖောက်လုပ်ရသည်မှာ ကား ပို၍ပင် ခက်ခဲသည်။ ဝန်ထမ်းများနှင့် လမ်းလုပ်သားများအား တောရိုင်းတိရစ္ဆာန်များ အန္တရာယ်နှင့် ရောဂါဘယများ ကင်းဝေးစေရန်လည်း ကြိုတင်ကာကွယ်ရသည်။ ယာဉ်ယန္တရားများ၊ လုပ်သားများ တောင်အောက် ချောက်ထဲကျမသွားစေရန်လည်း သတိကြီးစွာထား၍ ဆောင်ရွက်ရသည်။ ကျောက်တောင်ကြီးများအား ဖြိုရ၊ ဖြတ်ရသဖြင့် သာမန်လမ်းလုပ်ငန်း တစ်ခုထက် ပိုမိုအချိန်ယူဆောင်ရွက်ရသည်။ မည်သို့ဆိုစေ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောက်လုပ်ရေးအဖွဲ့များနှင့် ကုမ္ပဏီများ၏ မိုးရာသီအတွင်းမှာပင် နေပူမရှောင်၊ မိုးရွာမရှောင် မနေမနားဆောင်ရွက်ခဲ့မှုကြောင့် ပဲခူးရိုးမဖြတ်ကျော်လမ်းသစ်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့ပေပြီ။

မိုင်တိုင်အမှတ်(၇၇)မှ (၇၇/၄) အတွင်း၌ ကျောက်ခင်းလုပ်ငန်းဆောင်ရွက်နေသော လမ်းလုပ်သားများအနက် ကျစ်ဆုံကျေးရွာမှ ကိုတင်ထွန်းအား မေးမြန်းကြည့်ရာ "ကျွန်တော်တို့က ဒီလမ်းပတ်ဝန်းကျင်ရွာတွေက ရွာသားတွေပါ။ လမ်းသစ်ဖောက်လိုက်တော့ ကျွန်တော်တို့လည်း အလုပ်တွေရပြီး ဝင်ငွေဖြောင့်နေပြီ။ ဒါ့အပြင် လမ်းရှိလာတဲ့အတွက် ရွာတွေက ထွက်ကုန်တွေ၊ သီးနှံတွေကို ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေ၊ ကားတွေနဲ့သယ်ပြီး မကွေး၊ မြို့သစ် စတဲ့မြို့တွေဆီကို အချိန်တိုအတွင်း အလွယ်တကူ ပို့နိုင်နေပြီဗျ။ ကတ္တရာလမ်းဖောက်ပြီးသွားရင်တော့ အတိုင်းထက်အလွန် ပိုကောင်းသွားမှာပေါ့ဗျာ"ဟု ဖြေကြားသည်။ အလုပ်လည်းရ၊ လမ်းသစ်ကြီးပေါ်တွင်လည်း သွားလာနေရပြီဖြစ်သဖြင့် အဆိုပါကျေးရွာများမှ ဒေသခံများ၏ ပြုံးပျော်ကြည်နူးနေဟန်မှာ အထင်းသားပေါ်လွင်နေသည်။

နေပြည်တော်ကို ဗဟိုပြု၍ တစ်နိုင်ငံလုံးတွင် လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်စေရန် နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိရာ နေပြည်တော်-တောင်ညို - မြို့သစ် - ကန်ပြား(မကွေး) လမ်းမကြီးသည်လည်း ယင်းလမ်းစီမံကိန်းကြီးတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းလမ်းသစ်ကြီးက ၁၂ မိုင် ၄ ဖာလုံရှိမူလရှိပြီးသား မကွေး-တောင်တွင်းကြီး-ချောင်းနက် - နေပြည်တော်လမ်းထက် ခရီးမိုင် ၁၄ မိုင် ၂ ဖာလုံ တိုတောင်းပြီး အတက်အဆင်းအကွေ့အကောက်လည်း နည်းပါးပြေပြစ်အောင် ဖောက်လုပ်ထားသည်။ ကတ္တရာလမ်းဖောက်လုပ်ပြီးစီးပါက မကွေးမြို့မှ နေပြည်တော်သို့ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။ ထို့အပြင် ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော မြို့သစ်မြို့နယ်နှင့် မကွေးမြို့နယ်တို့မှ ကျေးရွာများ၊ ပဲခူးရိုးမပေါ်ရှိ ကျေးရွာများကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်ရာ ယင်းကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် သွားလာဆက်သွယ်ရေး လွယ်ကူပြီး ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်တော့မည် ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။ ။

စက်တင်ဘာ ၁၃ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ဦးစီးဌာနမှူး ဦးမြင့်ကိုကို နမ့်ခမ်းမြို့နယ်ရုံး၌ ကျေးရွာကိုယ်စားလှယ်တစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

Yangon LifeStyle Furniture Fair 2010 ပြပွဲတွင် သရဖီ Laminated Floor အရောင်းပြခန်းလည်း ပါဝင်ပြသ

ရန်ကုန် စက်တင်ဘာ ၁၆

ဂျာမနီနည်းပညာဖြင့် ထုတ်လုပ်ထားသော Export Quality Tharaphee Laminated Floor များကို ရန်ကုန်မြို့ ဦးဝိစာရလမ်းမပေါ်ရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ခင်းကျင်းပြသရောင်းချလျက် ရှိသည့် "Yangon Lifestyle Furniture Fair 2010" ပြပွဲတွင် ပါဝင်ပြသ ရောင်းချပေးလျက်ရှိသည်။ သရဖီကြမ်းခင်းများမှာ AC3 Rating အစစ်အမှန် ဖြစ်သောကြောင့် Structural Warranty, No Wear - Thru Warranty နှင့် No Staining Warranty တို့ကို ၁၅ နှစ် အာမခံပေး၍ ရောင်းချပေးကြောင်း၊ Quality စစ်မှန်မှု၊ ဈေးနှုန်းမှန်ကန်မှုတို့အပြင် စမ်းသပ်ပြသသော ပစ္စည်းအရည်အသွေးနှင့် လက်တွေ့လာရောက်ခင်းကျင်းပေးသော ပစ္စည်းအရည်အသွေး တူညီမှုတို့အတွက် အထူးအာမခံကြောင်း သိရှိရသည်။

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပသည့် Yangon LifeStyle Furniture Fair 2010 ပြပွဲတွင် သရဖီ Laminated Floor အရောင်းပြခန်း ပါဝင်ပြသစဉ်။ (သတင်းစဉ်)

သတ်မှတ်ထားသော ကာလအတွင်း ပျက်စီးမှုဖြစ်ပေါ်ခဲ့ပါက Terms and Conditions နှင့်အညီ Floor Board များကို ပြန်လည်အစားထိုးပေးကြောင်းနှင့် ပြပွဲကာလအတွင်း လာရောက်ဝယ်ယူသူများကို Special Prize များဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ နယ်မှ မှာယူလိုသူများကိုလည်း စိတ်တိုင်းကျဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဆိုင်ခန်းအမှတ် (၃၊၄၊၅) သိပ္ပံနှင့် နည်းပညာဦးစီးဌာန ဆိုင်ခန်း သစ္စာလမ်းမ ရန်ကင်း ဖုန်း ၀၁-၇၃၀၅၄ ၄၉၈၊ ၀၉-၅၁၁၅၅၃၀၊ ၀၉-၅၁၃၄၆၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြေယာရှင်းအလှ ပြုပြင်

ပြင်ဦးလွင်မြို့နယ် ဂန္ဓမာအပိုင်း စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စက်တင်ဘာ ၁ ရက်တွင် ဆောင်ရွက်လျက်ရှိရာ မြေယာရှင်းအလှ ပြုပြင်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်

မြစ်ကြီးနား စက်တင်ဘာ ၁၆

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲ၊ ယာ ပန်းအလှပင်များ စိုက်ပျိုးနေမှုကို စက်တင်ဘာ ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့် စစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာမှူး ဦးသန်းဝင်းခိုင် ရှင်းလင်းကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာဝယ်ယူရန် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၁၅ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း/ တံတား လုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ (၈၀/၁၀၀) အမျိုးအစား မက်ထရစ်တန် ၁၀၅၉၆ တန် ဝယ်ယူရန် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် Swiss Singapore Overseas Enterprises Pte.,Ltd. နှင့် Sunday Sun Pte.,Ltd. တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ Swiss Singapore Overseas Enterprises Pte.,Ltd. မှ Cheif Representative Mr.P D က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ (၈၀/ ၁၀၀) အမျိုးအစား မက်ထရစ်တန် ၁၀၅၉၆ တန်အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် Swiss Singapore Overseas Enterprises Pte.,Ltd. မှ Cheif Representative Mr.P D က လည်းကောင်း၊ Sunday Sun Pte.,Ltd. မှ ဒါရိုက်တာ ဦးအောင်မျိုးအေးက လည်းကောင်း ဝယ်ယူရေးဆိုင်ရာ စာချုပ်များတွင် နှစ်ဦးနှစ်ဖက် လက်မှတ်များ အသီးသီး ရေးထိုးခဲ့ကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ယခုချုပ်ဆိုသည့် စာချုပ်များမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း/ တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ (၈၀/၁၀၀) အမျိုးအစား မက်ထရစ်တန် ၁၀၅၉၆ တန်အား Swiss Singapore Overseas Enterprises Pte.,Ltd.ထံမှ မက်ထရစ်တန် ၈၀၉၆ တန်ကို လည်းကောင်း၊ Sunday Sun Pte.,Ltd. ထံမှ မက်ထရစ်တန် ၂၅၀၀ ကို လည်းကောင်း ဝယ်ယူရန် ချုပ်ဆိုခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာချုပ်ချုပ်ဆို

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း/ တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ (၈၀/၁၀၀) အမျိုးအစား မက်ထရစ် ၁၀၅၉၆ တန် ဝယ်ယူရန် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

Yangon LifeStyle Furniture Fair 2010 The Timber Land Furniture ပါဝင်ပြသ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်ထိ Yangon LifeStyle Furniture Fair 2010 ပြပွဲကို ပြသလျက်ရှိရာ The Timber Land Furniture မှ ပါဝင်ပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြခန်းတွင် Modern Furniture Design ကို အဓိကထားပြီး ပြသထားသည်။ တံခါးပရိဘောဂများကို Customer စိတ်တိုင်းကျ ပြုလုပ်ရောင်းချပေးလျက်ရှိသည်။ ကြမ်းခင်းလျှာထိုး(Tongue and Groove)နှင့် ပါကေး (Lamparquet) များကိုလည်း ရောင်းချပေးလျက်ရှိသည်။ Export Quality အဆင့်ရှိ ပရိဘောဂများကို ပေါင်းသစ်နှင့် ပြုလုပ်ပေးသည်။ အခြားသစ်မာများနှင့်လည်း ပရိဘောဂများကိုလည်း ပြုလုပ်ပေးသည်။

ဖော်ပြပါ ပရိဘောဂများကို Luxury Home System ဆောင်ပုဒ်နှင့်အညီ Opal International Co., Ltd.မှ ထုတ်လုပ်ထားပြီး ဆက်သွယ်ရန်လိပ်စာမှာ Sa/40, နှင်းဆီလမ်း(၁၄)ရပ်ကွက်(မြင်သာ) Public Works Compound တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၇၂၉၈၈၊ ၅၇၂၇၄၂၊ ၅၆၃၄၇၀ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

SANYO Solar မကွေးမြို့၌ မိတ်ဆက်ရှင်းလင်းပြသ

နေပြည်တော် စက်တင်ဘာ ၁၆

OK Myanmar Co., Ltd. က ဖြန့်ဖြူးလျက်ရှိသည့် SANYO Solar အရည်အသွေးအာမခံချက်နှင့် သုံးစွဲသည့် အခြေအနေများကို ကုမ္ပဏီတာဝန်ရှိသူများက မကွေးမြို့ ကုန်သည်ကြီးများအသင်း ကုန်စည်ဒိုင်၌ စက်တင်ဘာ ၁၀ ရက်က ရှင်းလင်းပြသခဲ့သည်။

အဆိုပါ ရှင်းလင်းပြသသည့် အခမ်းအနားတွင် OK Myanmar Co., Ltd. ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က အနာဂတ်ကာလတွင် Solar စွမ်းအင်ကို မလွဲမသွေ သုံးစွဲလာမည့်အခြေအနေများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် Solar စွမ်းအင်သုံးစွဲမှု အခြေအနေများနှင့် ရေရှည်တွင် Solar စွမ်းအင်က မီးစက်၊ အင်ဂျင်စက်များသုံးစွဲခြင်းထက် ကုန်ကျစရိတ် သိသိသာသာ လျှော့နည်းသက်သာမှုအခြေအနေများ၊ စိုက်ပျိုးရေးနှင့် ရေရရှိရေး လုပ်ငန်းများတွင် Solar စွမ်းအင်ကို ဘက်ထရီ၊ အင်ဗာတာပစ္စည်းများသုံးစွဲရန်မလိုဘဲ တိုက်ရိုက်သုံးစွဲနိုင်သဖြင့် ရေရှည်သုံးစွဲနိုင်သည့်အပြင် ကုန်ကျစရိတ်လျော့နည်းသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကုမ္ပဏီအင်ဂျင်နီယာ ဦးကျော်သက်မောင်က SANYO Solar Panel ပြားများ တည်ဆောက်ထားပုံ၊ အရည်အသွေးနှင့် အာမခံချက် ခိုင်ခိုင်မာမာ ပေးထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

OK Myanmar Co., Ltd. က ဖြန့်ဖြူးသည့် SANYO Solar ပြားများကို ဂျပန်နိုင်ငံမှ တိုက်ရိုက်ထုတ်လုပ်ပြီး အနှစ် ၂၀ အာမခံကို SANYO Electronic Corporation က တာဝန်ယူ အာမခံပေးသည်။ Solar Panel များ၏ အရည်အသွေးကို သတ်မှတ်ရာတွင် နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲနိုင်သည့် ရာနှုန်းဖြင့် တိုင်းတာသတ်မှတ်ရာ လက်ရှိထုတ်လုပ်နေသည့် Solar အမျိုးအစားများထဲတွင် SANYO Solar သည် လျှပ်စစ်ဓာတ်အား ထုတ်ပေးနိုင်သည့် ရာနှုန်းအမြင့်ဆုံးအဖြစ် သတ်မှတ်ထားသည်၊ SANYO Solar ပြားများသည် Watt အရွယ်အစားကြီးမားပြီး လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်မှု ကောင်းမွန်သဖြင့် အိမ်သုံးအပြင် မီးစက်၊ အင်ဂျင်စက်များ အသုံးပြုရသည့် စီးပွားရေးလုပ်ငန်းများ၌ သုံးစွဲရန် အထူးသင့်လျော်သည်။ Solar တပ်ဆင်သုံးစွဲလိုသူများအား ကုမ္ပဏီအင်ဂျင်နီယာများက အခမဲ့တွက်ချက်ပေးခြင်း၊ အခမဲ့ တပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရှိရသည်။

OK Myanmar Co., Ltd. အနေဖြင့် SANYO Solar စွမ်းအင်ကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးအတွက် ကုမ္ပဏီ၏ နယ်လှည့်အရောင်းကိုယ်စားလှယ်များအား မြို့နယ်များတွင် ခန့်အပ် တာဝန်ပေးရန် စီစဉ်လျက်ရှိရာ စိတ်ပါဝင်စားသူများအနေဖြင့် ကုမ္ပဏီတည်ရှိရာ အမှတ်(၉-ဂျီ)(MGW Tower) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၆၅၀၁-၀၆၊ ၃၉၂၉၈၆၊ ၃၉၂၉၈၇ နှင့် ၃၇၇၆၂၇ တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၉-၂၀၁၀ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "လွိုင်ကော်ဆရာတော်ဘဒ္ဒန္တ ဇနိန္ဒဟောကြားတော်မူသော" တရားတော်
- ၆း၄၀ အံ့ဖွယ်ထူးခြားကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၆)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၀)**
- ၈း၄၀ ကြည်ဖြူ. . . ညီတူ. . . ဆုထူးယူ သူရိန်ဝင်း၏ မရှိခဏအလှူ
- ၈း၅၅ Activities In The City (တိုးတိုး Best Make Up Artist Asia Award)
- ၉း၁၀ ၂၀၁၀ နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲနှစ် အထိမ်းအမှတ်ဖိတ်ခေါ်သစ်ပင် စိုက်ပွဲ(လော်ကားဉယျာဉ်)
- ၉း၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီနွဲ့နွဲ့စန်း) (အပိုင်း-၄)
- ၉း၅၅ အသံတိတ်အိပ်မက်ဆိုး (မေသန်းနု၊ ချစ်သုဝေ၊ ဂျင်းနီ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၀း၃၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀း၄၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၁း၁၀ သူတို့ဘဝသူတို့ဟာသ (ဦးချစ်စရာ)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (BABY LITTLE)
- ၁၂း၃၀ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
- ၁၂း၅၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့်ကိတ်လိပ်ပြုလုပ်နည်း)
- ၁း၀၀ "လွိုင်ကော်ဆရာတော်ဘဒ္ဒန္တ ဇနိန္ဒဟောကြားတော်မူသော" တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၁၀ ရန်ကုန်မြင်ကွင်းကျယ် (CHANGHONG Showroom Opening Ceremony & Annual Dealership)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၆)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၀)**
- ၄း၄၀ ကြည်ဖြူ. . . ညီတူ. . . ဆုထူးယူ သူရိန်ဝင်း၏ မရှိခဏအလှူ
- ၅း၀၀ ဟိုတယ်လမ်းညွှန် (The Strand)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Science For All (ကော်ဖီရဲ့သမိုင်းစဉ်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၇)**
- ၇း၁၅ The Champion of Dance
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (CHANGHONG Showroom Opening Ceremony & Annual Dealership)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဂီတသရုပ်ပြခန်း (Sweety- စိတ်ကူးများနဲ့ကျွန်မ)
- ၉း၀၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၁)**
- ၁၀း၁၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဒေါ်သီတာဝင်း၏ မြန်မာပွဲတက်ဝတ်စုံများ)
- ၁၀း၂၅ VJ Choice
- ၁၀း၅၀ မန္တလာမြေမှ Diamond Plaza
- ၁၁း၀၀ Activities In The City (တိုးတိုး Best Make Up Artist Asia Award)
- ၁၁း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁း၃၀ သူတို့ပြောတဲ့သူတို့အကြောင်း (အဆိုတော်သရုပ်ဆောင် နီနီဝင်းရွှေနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၁း၅၅ ၂၀၁၀ နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲနှစ် အထိမ်းအမှတ်ဖိတ်ခေါ်သစ်ပင် စိုက်ပွဲ(လော်ကားဉယျာဉ်)
- ၁၂း၁၅ World of Knowledge (Hippos; Africa's River Beast)
- ၁း၀၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (BABY LITTLE)
- ၁း၂၀ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
- ၁း၃၅ အသံတိတ်အိပ်မက်ဆိုး (မေသန်းနု၊ ချစ်သုဝေ၊ ဂျင်းနီ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၂း၁၀ အရောက်လာခဲ့မည် ရွှေမြန်မာပြည်
- ၂း၃၅ Shooting Location (မျက်ခြယ်ခြဲ)
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဇီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၄း၀၅ စက္ကူလွင်လွင်ပန်းယဉ်ယဉ် အလှဆင်စေချင်
- ၄း၁၅ မိုးကုတ်မြို့မှ ရိုးရာအစားအစာများ နှင့်ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကချင်ပြည်နယ်အတွင်း ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာ

❖ကျောဖုံးမှ

		ကျေးရွာအုပ်စု၊ ၁၃။ ကကျီးထူကျေးရွာအုပ်စု၊ ၁၄။ လဇီးဂွမ်ရန်လာကျေးရွာအုပ်စု၊ ၁၅။ လဝ့ါယန်ကျေးရွာအုပ်စု။
၃။	ဆော့လော်မြို့နယ်	၁။ ရှင်ဆွယ်ကျေးရွာအုပ်စု၊ ၂။ လောင်လန်ကျေးရွာအုပ်စု၊ ၃။ ဂေါ့မောကျေးရွာအုပ်စု၊ ၄။ ဇုန်ယူကျေးရွာအုပ်စု၊ ၅။ ဝမြစ်ကျေးရွာအုပ်စု။
၄။	ချီဖွေမြို့နယ်	လောင်ဖမ့်ကျေးရွာအုပ်စု။
၅။	တနိုင်းမြို့နယ်	အောင်လွတ်ကျေးရွာအုပ်စု။
၆။	ဆွမ်ပရာဘွမ်မြို့နယ်	၁။ ထိန်နန်ကျေးရွာအုပ်စု၊ ၂။ ကွမ်ဝမ်ကျေးရွာအုပ်စု၊ ၃။ အင်ဒိန်ဒိန်ဆာကျေးရွာအုပ်စု၊ ၄။ ရှကျွမ်ကျေးရွာအုပ်စု၊ ၅။ ဝ့ါဖောင်ကျေးရွာအုပ်စု၊ ၆။ လုံကန်ကျေးရွာအုပ်စု၊ ၇။ နိမ္မာကျေးရွာအုပ်စု၊ ၈။ အင်ဒိန်ကော့နန်ကျေးရွာအုပ်စု၊ ၉။ ဆန်ထူကျေးရွာအုပ်စု၊ ၁၀။ အင်ဂန်အူမားကျေးရွာအုပ်စု၊ ၁၁။ လထွန်ကထောင်ကျေးရွာအုပ်စု၊ ၁၂။ လုံဝမ်ကျေးရွာအုပ်စု၊ ၁၃။ ဂျာထုံအူမားကျေးရွာအုပ်စု၊ ၁၄။ အင်ခိုင်ကျေးရွာအုပ်စု၊ ၁၅။ ခင်ဒေါင်ကျေးရွာအုပ်စု။
၇။	မန်စီမြို့နယ်	၁။ ဂျေစွမ်းကျေးရွာအုပ်စု၊ ၂။လဂျောင်ကျေးရွာအုပ်စု၊ ၃။ အူရာဘွမ်းကျေးရွာအုပ်စု၊ ၄။ တမော်ကျေးရွာအုပ်စု၊ ၅။ လခွမ်းယာမာကျေးရွာအုပ်စု၊ ၆။ ဇိန်ရောင်ကျေးရွာအုပ်စု၊ ၇။ ဒွမ်ဘွတ်ကျေးရွာအုပ်စု၊ ၈။ အင်ဘာပါကျေးရွာအုပ်စု၊ ၉။ ဝိုင်ဒေါ်မန်ဘန်(မန်ဘန်ဘွမ်း)ကျေးရွာအုပ်စု၊ ၁၀။ ခနားပါကျေးရွာအုပ်စု၊ ၁၁။ ဆဒုံးကျေးရွာအုပ်စု၊ ၁၂။ မိုင်ဘတ်ကျေးရွာအုပ်စု၊ ၁၃။ တုန်ဟုန်းကျေးရွာအုပ်စု၊ ၁၄။ ဒိန်ဆိန်း(ဒိန်ဆိန်းပါ)ကျေးရွာအုပ်စု၊ ၁၅။ ဇောဘုံထိန်နုကျေးရွာအုပ်စု၊ ၁၆။ ဘန်ဝေါ်ထိန်နုကျေးရွာအုပ်စု၊ ၁၇။ အူလန်ပါကျေးရွာအုပ်စု။
၈။	မိုးမောက်မြို့နယ်	၁။ စိန်လုံကဂျီကျေးရွာအုပ်စု၊၂။ ကလဲချက်ကျေးရွာအုပ်စု၊ ၃။ မံမော်ကောင်ကျေးရွာအုပ်စု၊ ၄။ ဘလောင်ကောင်ကျေးရွာအုပ်စု၊ ၅။ ဘွမ်ကထောင်ကျေးရွာအုပ်စု၊ ၆။ ကွမ်းရှီး(ပွမ်းရှီ)ကျေးရွာအုပ်စု၊ ၇။ ပရန်ငေါ်န်ကျေးရွာအုပ်စု၊ ၈။ ဘွမ်တောန်ကျေးရွာအုပ်စု၊ ၉။လော့ခွမ်ကျေးရွာအုပ်စု။
၉။	ရွှေကူမြို့နယ်	၁။ ပန်ခွန်ယန်ကျေးရွာအုပ်စု၊ ၂။ ခါ့ဖောက်ကျေးရွာအုပ်စု၊ ၃။ ခါ့ဘရောင်ကျေးရွာအုပ်စု။

(ပုံ)သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကရင်ပြည်နယ်အတွင်း ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၀၁/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

ကြေညာချက်အမှတ် (၁၀၁/၂၀၁၀)

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်)

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကရင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်မြေများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

အမှတ်စဉ်	**မြို့နယ်**	**ရပ်ကွက်/ကျေးရွာအုပ်စု**
၁။	ဘားအံမြို့နယ်	၁။ ကျုံမသွယ်ကျေးရွာအုပ်စု၊ ၂။ ကော်ဟဲကျေးရွာအုပ်စု၊ ၃။ ကျုံထော်ကျေးရွာအုပ်စု၊ ၄။ တကောင်ဘိုးကျေးရွာအုပ်စု၊ ၅။ တံတားဦးကျေးရွာအုပ်စု၊ ၆။ တဂေးလောင်းကျေးရွာအုပ်စု၊ ၇။ ပျဉ်းမပင်ဆိပ်ကျေးရွာအုပ်စု၊ ၈။ မီးဇိုင်းကျေးရွာအုပ်စု၊ ၉။ မဲသနကျေးရွာအုပ်စု၊ ၁၀။ ဟတ္တလိုက်ကျေးရွာအုပ်စု၊ ၁၁။ အီဟယ်ကျေးရွာအုပ်စု။
၂။	လှိုင်းဘွဲ့မြို့နယ်	၁။ နွဲ့ပညာကျေးရွာအုပ်စု၊ ၂။ မဲလောခီးကျေးရွာအုပ်စု၊ ၃။ စောလောကျေးရွာအုပ်စု၊ ၄။ ရင်းဘိုင်းကျေးရွာအုပ်စု၊ ၅။ ရေတံခွန်ကျေးရွာအုပ်စု၊ ၆။ မဲလရောကျေးရွာအုပ်စု၊ ၇။ ထသိန်ကြိုးဝိုင်းကျေးရွာအုပ်စု၊ ၈။ တာကရားကျေးရွာအုပ်စု၊ ၉။ မဲပရကျေးရွာအုပ်စု၊ ၁၀။ တာလယ်ကျေးရွာအုပ်စု၊ ၁၁။ ဝင်းစောကျေးရွာအုပ်စု၊ ၁၂။ လော်ကော်ကျေးရွာအုပ်စု၊ ၁၃။ မိကျောင်ကျေးရွာအုပ်စု၊ ၁၄။ သမိုကျေးရွာအုပ်စု၊ ၁၅။ ပထလာပကျေးရွာအုပ်စု၊ ၁၆။ ပိုးပလေကျေးရွာအုပ်စု၊ ၁၇။ မဲသမူကျေးရွာအုပ်စု။
၃။	ဖာပွန်မြို့နယ်	၁။ မထောကျေးရွာအုပ်စု၊ ၂။ ခေါပုတ်ကျေးရွာအုပ်စု၊ ၃။ ပန်ဟိုက်ကျေးရွာအုပ်စု၊ ၄။ ဘွားဒိုးကျေးရွာအုပ်စု၊ ၅။ ပျဉ်းမကျေးရွာအုပ်စု၊ ၆။ တေမူးဒိုးကျေးရွာအုပ်စု၊ ၇။ ကော့လူဒိုးကျေးရွာအုပ်စု၊ ၈။ ဘဲစောလော်ကျေးရွာအုပ်စု၊ ၉။ ထီးဘောခီးကျေးရွာအုပ်စု၊ ၁၀။ မင်းနန်းနွယ်ကျေးရွာအုပ်စု၊ ၁၁။ နန်းခူခီးကျေးရွာအုပ်စု၊ ၁၂။ မဲဝိုင်ကျေးရွာအုပ်စု၊ ၁၃။ ကျောက်တောင်ကျေးရွာအုပ်စု၊ ၁၄။ ဆင်စွယ်ကျေးရွာအုပ်စု၊ ၁၅။ ဒေးဝါး(နတ်ကျောက်)ကျေးရွာအုပ်စု၊ ၁၆။ ရွှေဖလားကျကျေးရွာအုပ်စု၊ ၁၇။ မဲပလီကျေးရွာအုပ်စု၊ ၁၈။ ကွင်းဒလ(ရေပူ)ကျေးရွာအုပ်စု၊ ၁၉။ ပုဇွန်မြောင်းကျေးရွာအုပ်စု၊ ၂၀။ ဒေါမွဲကျေးရွာအုပ်စု၊ ၂၁။ မြင်းတပြေးကျေးရွာအုပ်စု၊ ၂၂။ မဲတူခီးကျေးရွာအုပ်စု၊ ၂၃။ လဂွန်းပျိုကျေးရွာအုပ်စု၊ ၂၄။ မလေးကျောက်ကျေးရွာအုပ်စု၊ ၂၅။ဝင်းမောင်း(သရက်ပင်ဆိပ်)ကျေးရွာအုပ်စု၊ ၂၆။ မဲချုံဝကျေးရွာအုပ်စု၊ ၂၇။ ကွမ်းပင်ဝကျေးရွာအုပ်စု။
၄။	သံတောင်ကြီးမြို့နယ်	၁။ ဒါဝါလော်ချီကျေးရွာအုပ်စု၊ ၂။ လိပ်ပြာကြီးကျေးရွာအုပ်စု၊ ၃။ လိပ်ပြာကလေးကျေးရွာအုပ်စု၊ ၄။ မောင်နွဲ့ကြီးကျေးရွာအုပ်စု၊ ၅။ ခုံတိုင်ကျေးရွာအုပ်စု၊ ၆။ စီပင်ကလေးကျေးရွာအုပ်စု၊ ၇။ ကျွဲဖြူတောင်ကျေးရွာအုပ်စု၊ ၈။ ရှိုးခိုကျေးရွာအုပ်စု၊ ၉။ လယ်ခိုဒိုးခိုကျေးရွာအုပ်စု၊ ၁၀။ လယ်ခိုဒိုးကားကျေးရွာအုပ်စု၊ ၁၁။ စပါးကျီကျေးရွာအုပ်စု၊ ၁၂။ ပြောင်သိုကျေးရွာအုပ်စု၊ ၁၃။ ကျောက်ပုံကျေးရွာအုပ်စု၊ ၁၄။ ရေသိုးကြီးကျေးရွာအုပ်စု၊ ၁၅။ ဟိုသောပလိုကျေးရွာအုပ်စု၊ ၁၆။ မဲတင်းတိမ်ကျေးရွာအုပ်စု၊ ၁၇။ ရေတံခွန်ကျေးရွာအုပ်စု၊ ၁၈။ ကျောက်ဖျာကျေးရွာအုပ်စု၊ ၁၉။ ချောင်းမငယ်ကျေးရွာအုပ်စု၊ ၂၀။ ဇင်းတိုင်ကြီးကျေးရွာအုပ်စု၊ ၂၁။ မောင်းတိုင်ကြီးကျေးရွာအုပ်စု၊ ၂၂။ စီကဲဒိုးကျေးရွာအုပ်စု၊ ၂၃။ ဟိုးချီးကျေးရွာအုပ်စု၊ ၂၄။ သလိုဘွာကျေးရွာအုပ်စု၊ ၂၅။ ဘိုခါလေးခိုကျေးရွာအုပ်စု၊ ၂၆။ ထီးသာစောကျေးရွာအုပ်စု၊ ၂၇။ ငွေတောင် (အောက်)ကျေးရွာအုပ်စု၊ ၂၈။ ရှမ်းလယ်ပြင်ကြီးကျေးရွာအုပ်စု၊ ၂၉။ မင်းလမ်းတောင်ကျေးရွာအုပ်စု၊ ၃၀။ သာမိတိုက်ကျေးရွာအုပ်စု၊ ၃၁။ ကျောက်ကြီးတောင်ကျေးရွာအုပ်စု၊ ၃၂။ ချီးသူစော(အောက်)ကျေးရွာအုပ်စု၊ ၃၃။ တောပုန်းကျေးရွာ အုပ်စု၊ ၃၄။ မောင်ကျော်ကျေးရွာအုပ်စု၊ ၃၅။ မောင်ဘလောက်ကျေးရွာအုပ်စု၊ ၃၆။ ခမာဒီဖိုလီကျေးရွာအုပ်စု။
၅။	မြဝတီမြို့နယ်	၁။ တာအုပ်ကျေးရွာအုပ်စု၊ ၂။ မဲကုလားကျေးရွာအုပ်စု၊ ၃။ တီဘဲလယ်(ကော်ခီး)ကျေးရွာအုပ်စု၊ ၄။ မိဖားကျေးရွာအုပ်စု။
၆။	ကော့ကရိတ်မြို့နယ်	၁။ ဟောင်သရောကျေးရွာအုပ်စု၊ ၂။ အံဖကြီးကျေးရွာအုပ်စု၊ ၃။ စက္ကဝက်ကျေးရွာအုပ်စု၊ ၄။ ဒေါက်ပလန်ကျေးရွာအုပ်စု၊ ၅။ နောင်ကိုင်းကျေးရွာအုပ်စု၊ ၆။ ဝင်းကကျေးရွာအုပ်စု၊ ၇။ ထီဟူးသံကျေးရွာအုပ်စု၊ ၈။ တရိတခေါင်းကျေးရွာအုပ်စု၊ ၉။ သပြု(ကမော့ပိ)ကျေးရွာအုပ်စု၊ ၁၀။ ဖားပုတ်ကျေးရွာအုပ်စု၊ ၁၁။ အီဘိုင်းကျေးရွာအုပ်စု၊ ၁၂။ ခရင်းကျေးရွာအုပ်စု၊ ၁၃။ သမိန်ဒွတ်ကျေးရွာအုပ်စု၊ ၁၄။ အံကောင်ကျေးရွာအုပ်စု။
၇။	ကြာအင်းဆိပ်ကြီးမြို့နယ်	၁။ ကမော့ကျေးရွာအုပ်စု၊ ၂။ အကလောကျေးရွာအုပ်စု၊ ၃။ ဒါလီကျေးရွာအုပ်စု၊ ၄။နတ်ချောင်းကန်းနားကျေးရွာအုပ်စု၊၅။ခနိုးကျေးရွာအုပ်စု၊၆။ကွမ်ကသောင်ကျေးရွာအုပ်စု၊ ၇။ ဆိပ်ကလေးကျေးရွာအုပ်စု၊ ၈။ခလယ်စောကျေးရွာအုပ်စု၊ ၉။ ခွေးသိုးဆိပ်ကျေးရွာအုပ်စု၊ ၁၀။ ဝင်းရော်ဆိပ်ကြီးကျေးရွာအုပ်စု၊ ၁၁။ တောင်ဒီးကျေးရွာအုပ်စု၊ ၁၂။ တံခွန်တိုင်ကျေးရွာအုပ်စု၊ ၁၃။ ခလယ်ကျေးရွာအုပ်စု၊ ၁၄။ ထိဆုံကျေးရွာအုပ်စု၊ ၁၅။ ကျွန်းချောင်းကျေးရွာအုပ်စု၊ ၁၆။ လွှတ်ရှမ်းကျေးရွာအုပ်စု၊ ၁၇။ အနန်းကွင်းကျေးရွာအုပ်စု၊ ၁၈။ ကျောက်ဘီလူးကျေးရွာအုပ်စု၊ ၁၉။ ဝင်းခနကျေးရွာအုပ်စု၊ ၂၀။ ဖားပြကျေးရွာအုပ်စု၊ ၂၁။ ကျုံခဝန်ကျေးရွာအုပ်စု၊ ၂၂။ ရွှေတောင်ဘိုကျေးရွာအုပ်စု၊ ၂၃။ နတ်ချောင်းအလယ်ကျေးရွာအုပ်စု၊ ၂၄။ ရသေ့ကျေးရွာအုပ်စု၊ ၂၅။ ကစပ်ကျေးရွာအုပ်စု၊ ၂၆။ ကိုးမားကျေးရွာအုပ်စု၊ ၂၇။ ခုဒုံကျေးရွာအုပ်စု၊ ၂၈။ အစွန်းကျေးရွာအုပ်စု၊ ၂၉။ လန်းဖားကျေးရွာအုပ်စု၊ ၃၀။ ကော့ဆိုင်ကျေးရွာအုပ်စု၊ ၃၁။ သယ်န်းပင်ဆိပ်ကျေးရွာအုပ်စု၊ ၃၂။ ပိုင်ကလာဒုံကျေးရွာအုပ်စု၊ ၃၃။ ကွင်းကလေးကျေးရွာအုပ်စု၊ ၃၄။ မော်ခဲခီးကျေးရွာအုပ်စု၊ ၃၅။ သာကထကျေးရွာအုပ်စု၊ ၃၆။ ထီဝကလူးကျေးရွာအုပ်စု၊ ၃၇။ မိနအကျေးရွာအုပ်စု၊ ၃၈။ ဖာကွီးကျေးရွာအုပ်စု၊ ၃၉။ အဇင်းကျေးရွာအုပ်စု၊ ၄၀။ ခွိကလုံကျေးရွာအုပ်စု၊ ၄၁။ တောင်ကလေးကျေးရွာအုပ်စု၊ ၄၂။ ခွာဟေးကျေးရွာအုပ်စု၊ ၄၃။ လယ်တောကြီးကျေးရွာအုပ်စု၊ ၄၄။ ကမော့သဲ(ဝင်းလုံ)ကျေးရွာအုပ်စု၊ ၄၅။ တောင်ဝိုင်းကျေးရွာအုပ်စု၊ ၄၆။ နောင်တခိုကျေးရွာအုပ်စု။

(ပုံ)သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

င်ကျေးရွာအုပ်စု၊ ၃။
ကျေးရွာအုပ်စု၊ ၅။ လခွမ်း
းရွာအုပ်စု၊ ၇။ ဒွမ်ဘွတ်
ပ်စု၊ ၉။ ဝိုင်ဒေါ်မန်ဘန်
းပါကျေးရွာအုပ်စု၊ ၁၁။
ရွာအုပ်စု၊ ၁၃။ တုန်ဟုန်း
ပါ)ကျေးရွာအုပ်စု၊ ၁၅။
ဝေါ်ထိန်နုကျေးရွာအုပ်စု၊

ချက်ကျေးရွာအုပ်စု၊ ၃။
င်ကောင်ကျေးရွာအုပ်စု၊
ကွမ်းရှီး(ပွမ်းရှီ)ကျေးရွာ
၈။ ဘွမ်တောန်ကျေးရွာ

ဖာက်ကျေးရွာအုပ်စု၊ ၃။

ိန်းစိုး
ဌ္ဌ
ကောက်ပွဲကော်မရှင်

၂၇။ ကွမ်းပင်ဝကျေးရွာ

ပ်စု၊ ၃။ လိပ်ပြာကလေး
တိုင်ကျေးရွာအုပ်စု၊ ၆။
အုပ်စု၊ ၈။ ရှိုးခိုကျေးရွာ
ားကျေးရွာအုပ်စု၊ ၁၁။
၁၃။ ကျောက်ပုံကျေးရွာ
သာပလိုကျေးရွာအုပ်စု၊
ပ်စု၊ ၁၈။ ကျောက်ဖျာ
။ ဇင်းတိုင်ကြီးကျေးရွာ
ဒိုးကျေးရွာအုပ်စု၊ ၂၃။
၅။ ဘိုခါလေးခိုကျေးရွာ
(အောက်)ကျေးရွာအုပ်စု၊
းတောင်ကျေးရွာအုပ်စု၊
ာင်ကျေးရွာအုပ်စု၊ ၃၂။
ကျေးရွာ အုပ်စု၊ ၃၄။
်ကျေးရွာအုပ်စု၊ ၃၆။

၁။ တီဘဲလယ်(ကော်ခီး)

ာအုပ်စု၊ ၃။ စက္ကဝက်
ာင်ကိုင်းကျေးရွာအုပ်စု၊
။ တရိတခေါင်းကျေးရွာ
တ်ကျေးရွာအုပ်စု၊ ၁၁။
မိန်ဒွတ်ကျေးရွာအုပ်စု၊

၃။ ဒါလီကျေးရွာအုပ်စု၊
အုပ်စု၊၆။ကွမ်ကသောင်
၈။ခလယ်စောကျေးရွာ
ဆိပ်ကြီးကျေးရွာအုပ်စု၊
ရွာအုပ်စု၊ ၁၃။ ခလယ်
းချောင်းကျေးရွာအုပ်စု၊
ာအုပ်စု၊ ၁၈။ ကျောက်
။ ဖားပြကျေးရွာအုပ်စု၊
အုပ်စု၊ ၂၃။ နတ်ချောင်း
။ ကစပ်ကျေးရွာအုပ်စု၊
။ အစွန်းကျေးရွာအုပ်စု၊
အုပ်စု၊ ၃၁။ သယ်နီးပင်
။ ကွင်းကလေးကျေးရွာ
ကျေးရွာအုပ်စု၊ ၃၆။
။ ဖာကျီးကျေးရွာအုပ်စု၊
၊ ၄၁။ တောင်ကလေး
တောကြီးကျေးရွာအုပ်စု၊
င်းကျေးရွာအုပ်စု၊ ၄၆။

ိန်းစိုး
ဌ္ဌ
ကောက်ပွဲကော်မရှင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မွန်ပြည်နယ်အတွင်း ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၀၂/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

ကြေညာချက်အမှတ် (၁၀၂/၂၀၁၀)

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်)

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း

၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မွန်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်မြေများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

အမှတ်စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာအုပ်စု
၁။	ဘီးလင်းမြို့နယ်	၁။ကြိုးဝိုင်းကျေးရွာအုပ်စု၊ ၂။ ဝင်းတာပန်ကျေးရွာအုပ်စု၊၃။တောနော်ခီးကျေးရွာအုပ်စု၊ ၄။ မဲနသံကျေးရွာအုပ်စု၊ ၅။ ကျခတ်ချောင်းကျေးရွာအုပ်စု၊ ၆။ အစူးချောင်းကျေးရွာအုပ်စု။
၂။	ကျိုက်ထိုမြို့နယ်	၁။ မာလာဖူးကျေးရွာအုပ်စု၊ ၂။ ပီတိကျေးရွာအုပ်စု၊ ၃။ ဝါးဘိုးချောင်းကျေးရွာအုပ်စု။

(ပုံ)သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်း

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၀၄/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

ကြေညာချက်အမှတ် (၁၀၄/၂၀၁၀)

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်)

နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော အဖွဲ့အစည်းများအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ပါသည်။

၂။ လူမျိုးပေါင်းစုံ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ(ကယားပြည်နယ်)သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ နှင့် နည်းဥပဒေ ၇ အရ တည်ထောင်ခွင့်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လျှောက်ထားခြင်းမရှိသဖြင့် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းလိုက်သည်။

(ပုံ)သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရှမ်းပြည်နယ်အတွင်း ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၀၃/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

ကြေညာချက်အမှတ် (၁၀၃/၂၀၁၀)

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်)

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ရှမ်းပြည်နယ်အတွင်းရှိ ပူးတွဲပါနယ်မြေများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

အမှတ်စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာအုပ်စု
၁။	ပန်ဆန်းမြို့နယ်	ပန်ဆန်းမြို့နယ် တစ်ခုလုံး။
၂။	နားဖန်းမြို့နယ်	နားဖန်းမြို့နယ် တစ်ခုလုံး။
၃။	ပန်ဝိုင်မြို့နယ်	ပန်ဝိုင်မြို့နယ် တစ်ခုလုံး။
၄။	မိုင်းမောမြို့နယ်	မိုင်းမောမြို့နယ် တစ်ခုလုံး။
၅။	ဟိုပန်မြို့နယ်	၁။ နမ့်တစ်မြို့နယ်ခွဲ၊ ၂။ နားဝီး။
၆။	မိုင်းခတ်မြို့နယ်	၁။ နမ့်ဆော်ကျေးရွာအုပ်စု၊ ၂။ ဝမ်နောင်လုံကျေးရွာအုပ်စု၊ ၃။ ပါခါးလုံကျေးရွာအုပ်စု၊ ၄။ နမ့်ယန်းလုံကျေးရွာအုပ်စု။
၇။	မိုင်းယန်းမြို့နယ်	၁။ နမ့်ဆီပန်းကျေးရွာအုပ်စု၊ ၂။ ယန်းကောင်ကျေးရွာအုပ်စု၊ ၃။ ယန်းငင်းကျေးရွာအုပ်စု၊ ၄။ မွတ်ကင်းကျေးရွာအုပ်စု၊ ၅။ အန်းခတ်ကျေးရွာအုပ်စု၊ ၆။ နမ့်မောင်းကျေးရွာအုပ်စု၊ ၇။ ပါဆံကျကျေးရွာအုပ်စု၊ ၈။ အမှတ်(၁)ရပ်ကွက်(မိုင်းပေါက်မြို့)၊ ၉။ အမှတ်(၂)ရပ်ကွက် (မိုင်းပေါက်မြို့)၊ ၁၀။ မိုင်းပေါက်(ကချင်)ကျေးရွာအုပ်စု၊ ၁၁။ ဟိုတောင်းကျေးရွာအုပ်စု၊ ၁၂။ ပေါက်နွေးကျေးရွာအုပ်စု၊ ၁၃။ မွန်ခမ်းဟိန်းကျေးရွာအုပ်စု၊ ၁၄။ မိုင်းဖျန်ကျေးရွာအုပ်စု၊ ၁၅။ မိုင်းတွေ့ကျေးရွာအုပ်စု၊ ၁၆။ မိုင်းယန်းကျေးရွာအုပ်စု။
၈။	မက်မန်းမြို့နယ်	၁။ ပန်ယန်းကျေးရွာအုပ်စု၊ ၂။ နော့ဝါကျေးရွာအုပ်စု၊ ၃။ ရောင်အန်ကျေးရွာအုပ်စု၊ ၄။ မုတ်ပြင်းကျေးရွာအုပ်စု၊၅။ ကွန်ဟောင်းကျေးရွာအုပ်စု၊ ၆။ နော့လကျေးရွာအုပ်စု၊ ၇။ အော်ခေဆိုင်ကျေးရွာအုပ်စု၊ ၈။ လုံနောက်ကျေးရွာအုပ်စု၊ ၉။ ယောင်ပန်ကျေးရွာအုပ်စု၊ ၁၀။ ယောင်လန်ကျေးရွာအုပ်စု၊ ၁၁။ မွတ်ချူးကျေးရွာအုပ်စု၊ ၁၂။ ဝမ်ဖင်းကျေးရွာအုပ်စု၊ ၁၃။ လိုင်လင်းကျေးရွာအုပ်စု၊ ၁၄။ ဝက်ဖကျေးရွာအုပ်စု၊ ၁၅။ မွတ်ဟိုင်းကျေးရွာအုပ်စု၊ ၁၆။ နောင်ပတ်ကျေးရွာအုပ်စု၊ ၁၇။ နားလုံကျေးရွာအုပ်စု။
၉။	မိုင်းလားမြို့နယ်	၁။ အမှတ်(၁)ရပ်ကွက်(မိုင်းလားမြို့)၊ ၂။ အမှတ်(၂)ရပ်ကွက် (မိုင်းလားမြို့)၊ ၃။ ဝမ်ဖာခါးကျေးရွာအုပ်စု၊ ၄။ မိုင်းမကျေးရွာအုပ်စု၊ ၅။ ဝမ်ပုန်းကျေးရွာအုပ်စု၊ ၆။ ဝမ်မိုင်းလုံကျေးရွာအုပ်စု၊ ၇။ ထပန်းလုံကျေးရွာအုပ်စု၊ ၈။ မိုင်းဝကျေးရွာအုပ်စု၊ ၉။ စွပ်ပလေကျေးရွာအုပ်စု။
၁၀။	မိုင်းယောင်းမြို့နယ်	၁။ ဝမ်ဖြတ်ကျေးရွာအုပ်စု၊ ၂။ ကျိုင်းခမ်းကျေးရွာအုပ်စု၊ ၃။ မိုင်းဟဲကျေးရွာအုပ်စု၊ ၄။ မိုင်းဆော်ကျေးရွာအုပ်စု၊ ၅။ မိုင်းနန်းကျေးရွာအုပ်စု၊ ၆။ မိုင်းထန်ကျေးရွာအုပ်စု၊ ၇။ မိုင်းခမ်းကျေးရွာအုပ်စု၊ ၈။ ကျိုင်းကုန်းကျေးရွာအုပ်စု။
၁၁။	မိုင်းတုံမြို့နယ်	၁။ ပန်းကံ့ကော်ကျေးရွာအုပ်စု။
၁၂။	မိုင်းဆတ်မြို့နယ်	၁။ မိုင်းထလန်ကျေးရွာအုပ်စု၊ ၂။ စတုံးကျေးရွာအုပ်စု။

(ပုံ)သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မူဆယ်မြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)က ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက် ၉နာရီတွင် မူဆယ်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ် ဥက္ကဋ္ဌ ဦးမြဟန်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ ဦးသိန်းဇော် (ရွှေလီဦး)၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးခိုင်(မူဆယ်)နှင့် အဖွဲ့ဝင်ကိုးဦးတို့ ပါဝင်သော မြို့နယ် ဂီတအစည်းအရုံး ခန့်အပ်လွှာကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) တွဲဖက်အတွင်းရေးမှူး (၁) ဦးရန်ပိုင်စိုးက ပေးအပ်သည်။

ထို့နောက် မြို့နယ်ဂီတအစည်းအရုံးဆိုင်းဘုတ်တင်ပွဲနှင့် ရုံးခန်းဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ

တောကိုမှီ၏

ဗန်းမော်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၆

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ဗန်းမော်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဗန်းမော်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကလုံခကျေးရွာရှိ တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးက လိုအပ်သည်များမှာကြားကာ လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ နီနီခတ်ခွဲခန်း၊ နီနီရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်းမှ ဦးဟန်စိန်-ဒေါ်ရှုရင်တို့၏ မင်္ဂလာနှစ် (၅၀)ပြည့် ရွှေရတုမင်္ဂလာအထိမ်းအမှတ်အဖြစ် ရန်ကုန်ကလေးဆေးရုံကြီးရှိ ကလေးလူနာများ အသုံးပြုရန်အတွက် ငွေကျပ် ၁၀သိန်း တန်ဖိုးရှိ ခုတင်များနှင့် Locker များကို ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းထံ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရန်ကုန်ကလေးဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်မြို့ နီနီခတ်ခွဲခန်း၊ နီနီရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်းမှ ဦးဟန်စိန်-ဒေါ်ရှုရင်တို့၏ မင်္ဂလာနှစ် (၅၀)ပြည့် ရွှေရတုမင်္ဂလာအထိမ်းအမှတ်အဖြစ် ရန်ကုန်ကလေးဆေးရုံကြီးရှိ ကလေးလူနာများ အသုံးပြုရန်အတွက် ငွေကျပ် ၁၀သိန်း တန်ဖိုးရှိ ခုတင်များနှင့် Locker များကို ယမန်နေ့ နံနက် ၁၀နာရီတွင် ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းထံ ပေးအပ်လှူဒါန်းသည်။

အလားတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် လပွတ္တာမြို့နယ်ပြည်သူ့ဆေးရုံကြီးများသို့လည်း ငွေကျပ် ၁၀သိန်းစီကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွယ်လွန်သူ မိခင်ကြီး ဒေါ်လုံးတင်၏ (၁၄)နှစ်ပြည့်အား ရည်စူး၍ အောင်ဓမ္မရိပ်သာလမ်း (၁၂)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့နေ ဦးတင်ဝင်း (ရန်ကုန် ကွန်ပျူတာတက္ကသိုလ်)-ဒေါ်သန်းသန်းဝင်းနှင့် ညီအစ်ကိုမောင်နှမများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ၁၁၇၀၀၀ ကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာခွဲစိတ် အထူးကုဆရာဝန်ကြီးများအဖွဲ့ လက်အစားထိုး ခွဲစိတ်ကုသမှုများ အောင်မြင်စွာဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာခွဲစိတ် အထူးကုဆရာဝန်ကြီးများအဖွဲ့က လက်ညှိုးပြတ်တောက်နေသော လူနာ၊ ဘယ်ဘက်လက်ခုံ ပြတ်တောက်လူနာနှင့် ဘယ်ဘက်လက်မ ပြတ်တောက်လူနာများအား ဩဂုတ်လအတွင်းတွင် ရန်ကုန်အရိုးအထူးကုဆေးရုံကြီး၌ အောင်မြင်စွာ အစားထိုးခွဲစိတ် ကုသပေးနိုင်ခဲ့သည်။

ခွဲစိတ်ကုသမှု အဖွဲ့ခေါင်းဆောင်တာဝန်ခံဆရာဝန်ကြီး ပါမောက္ခ (အရိုးနှင့်ထိခိုက်ဒဏ်ရာ) ဒေါက်တာခင်မောင်မြင့် ဦးဆောင်၍ လက်ပိုင်းဆိုင်ရာ အထူးကုဆရာဝန် ဒေါက်တာကျော်ဇေယျ၊ ပထမလက်ထောက်ဆရာဝန် ဒေါက်တာမျိုးမင်းဦး၊ အရိုးအထူးကုဆရာဝန် ဒေါက်တာတင်ထွန်းအောင်၊ လက်ထောက်ဆရာဝန် ဒေါက်တာကြည်သန့်နှင့် ဒေါက်တာဉာဏ်လင်းအောင်တို့ပါဝင်သော အဖွဲ့နှင့် မေ့ဆေးအဖွဲ့ တွဲဖက်ပါမောက္ခ ဒေါက်တာခင်မျိုးသင်း၊ မေ့ဆေးအထူးကု ဒေါက်တာအောင်ဌေး၊ ဒေါက်တာတင်မျိုးမင်း၊ ပထမလက်ထောက်ဆရာဝန် ဒေါက်တာထွန်းလှမောင်တို့ ပါဝင်သောအဖွဲ့၊ သူနာပြုဆရာမကြီး ဒေါ်ဝင်းဝင်းမော်နှင့် သူနာပြုဆရာမများ ပါဝင်သောအဖွဲ့က လက်အစားထိုး ခွဲစိတ်ကုသသည့်လူနာများအား အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြသည်။

လက်အစားထိုး ခွဲစိတ်ကုသမှုပေးရာ၌ ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီတွင် ဘယ်ဘက်လက်ညှိုး ပြတ်တောက်သည့် အသက် (၃၄)နှစ်ရှိ လူနာ ဦးဆန်းထွန်းအား ဉာဘက်ခြေညှိုးဖြင့် ၆ နာရီကြာ အစားထိုး ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

အလားတူ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာကြောင့် ဘယ်လက်ခုံပြတ်တောက်သည့် အသက် (၁၇) နှစ်ရှိ လူနာ မောင်ခင်မောင်ထွန်းသည် ဩဂုတ် ၁၄ ရက် ည ၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ထိခိုက်ဒဏ်ရာကုဌာနသို့ ရောက်ရှိခဲ့ရာ ခွဲစိတ်ကုသမှုအဖွဲ့နှင့် မေ့ဆေးအဖွဲ့ဝင် မေ့ဆေးအထူးကုဆရာဝန် ဒေါက်တာဝင်းစီစီခိုင်၊ မေ့ဆေးဆရာဝန် ဒေါက်တာမျိုးသန္တာကြည်နှင့် သူနာပြုဆရာမများ ပါဝင်သောအဖွဲ့က လူနာအား ၇ နာရီကြာ အောင်မြင်စွာ ခွဲစိတ်ကုသ တပ်ဆင်ပေးနိုင်ခဲ့သည်။

ထို့အတူ ဘယ်ဘက်လက်မ ပြတ်တောက်သည့် အသက် (၂၂) နှစ်ရှိ လူနာ ဦးဇင်မောင်မောင်အား ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီတွင် ညာဘက်ခြေညှိုးဖြင့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုအဖွဲ့နှင့် ပူးပေါင်းအဖွဲ့တို့က ၆နာရီကြာ အစားထိုး ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

လက်အစားထိုး ခွဲစိတ်ကုသပေးခဲ့သော လူနာများ၏ ကျန်းမာရေးအခြေအနေများမှာ တိုးတက်ကောင်းမွန်လျက်ရှိပြီး လူနာသုံးဦး၏ ပြတ်တောက်လက်များ ပြန်လည်သန်စွမ်းစေရန် ရန်ကုန်အရိုးအထူးကုဆေးရုံကြီးတွင် လေ့ကျင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန အသက်ကယ်နည်းစနစ် သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အသက်ကယ်နည်းစနစ် သင်တန်းအမှတ်စဉ် (၁၃/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး (ဌာနချုပ်) ဦးအောင်ကျော်မြင့် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ မီးသတ်ဦးစီးဌာန (ရုံးချုပ်)မှ အရာရှိကြီးများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးများ၊ သင်တန်းနည်းပြများ၊ နေပြည်တော်အပါအဝင် ပြည်နယ်/တိုင်းဒေသကြီးများမှ သင်တန်းသား ၆၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၂ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ရက်သတ္တခြောက်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း ပညာရပ်ဆိုင်ရာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို) ပညာရပ်ဆိုင်ရာ ကော်မတီ၏ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးအစီအစဉ်အရ စက်တင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီထိ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းခန်းမ၌ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) သွားကျန်းမာရေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာ စောထွန်းအောင်က "The role of dental Surgeons in Preventive Dentistry" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သွားရောဂါကုပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမြင့်မြင့်စန်းက "Biological consideration in Operative Dentistry" ခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောမည်ဖြစ်ရာ အသင်းသူ၊အသင်းသားများနှင့် စိတ်ပါဝင်စားသော သွားဘက်ဆိုင်ရာဆရာဝန်များ တက်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အထကကျောင်း သီရိဇေယျာခန်းမဆောင်၌ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၈ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ်ပညာရေးမှူး ဦးစံကျော်က နိုင်ငံတကာ စာတတ်မြောက်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို တင်ပြဆွေးနွေးသည်။

ထို့နောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် (အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်) ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ကြသည်။ (ပညာရေး)

နိုင်ငံတကာရှိ Air Line, Hotel & Cruise များတွင် Flight Attendant, Receptionist အဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းအပတ်စဉ်သစ်ဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၁၆

နိုင်ငံတကာ လေကြောင်းလိုင်းများတွင် Flight Attendant တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများနှင့် နိုင်ငံတကာ Hotelများ၊ သင်္ဘောလိုင်းများတွင် Receptionist တစ်ယောက်အဖြစ် ဝင်ရောက် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ Receptionist & Flight Attendant သင်တန်းအပတ်စဉ်အသစ်ကို စက်တင်ဘာလ တတိယပတ်အတွင်း Star Resources Hospitality Management Academy၌ ဖွင့်လှစ်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်း အသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများ၊ Course Guide Line များကို နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် စက်တင်ဘာလ တတိယအပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ အနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာအုပ် ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၁၆

ဒေါက်တာဆရာမြင့် (စကြာမင်း)၏ ၁၂ အုပ်မြောက် "အရိုးအဆစ် ကျီးပေါင်းရောဂါ လေ့ကျင့်ကာကွယ် ကုသနည်းများ" စာအုပ်ကို မြင့်မြတ်မြန်မာစာပေမှ ထုတ်ဝေ၍ ရန်အောင်စာပေမှ ဖြန့်ချိသည်။

ထိုစာအုပ်တွင် ကျောရိုးတည်ဆောက်ပုံ၊ လူ့ကျောရိုးနှင့် ခါးဆစ်ရိုးအကြောင်း သိကောင်းစရာ၊ ခါးနာခြင်းနှင့် လည်ပင်းနာခြင်းမဖြစ်စေရန် လိုက်နာကျင့်သုံးနေထိုင်သင့်သည့် မှန်ကန်သည့် ကိုယ်ဟန်အနေအထားများ၊ လေ့ကျင့်ခန်းပြုလုပ်ရာ၌ ကြိုတင်ကာကွယ်သင့်သည့် အချက်များ၊ လည်ပင်း(ကုပ်ဆက်)၊ ပခုံး၊ ကျောကုန်း၊ ကျီးပေါင်းရောဂါနှင့် တောင့်တင်းနာကျင်မှုများကို ပြေပျောက်စေသည့် လေ့ကျင့်ခန်းများ၊ လည်ပင်း (ကုပ်ဆက်)၊ ပခုံးနှင့် ကျောကုန်း အထက်ပိုင်း ကျီးပေါင်းရောဂါနှင့် တောင့်တင်းနာကျင်မှုများကို ပြေပျောက်စေသည့် နှိပ်နယ်နည်းများ၊ လည်ပင်း (ကုပ်ဆက်)နှင့် ဆက်စပ်နေသည့် ကြွက်သားများကို သန်မာအောင်ပြုလုပ်နည်း၊ လည်ပင်း (ကုပ်ဆက်)ရိုး၊ အဆစ်များ၊ အရိုးနုချပ်ပြားဝိုင်းများ၏ လုပ်ငန်းများ ယိုယွင်းပျက်စီးရခြင်းအကြောင်း၊ ကုသနည်းများ၊ နာကျင်မှုသက်သာစေရန် ဆေးစားခြင်း၊ အပူပေးသည့် ကုထုံး၊ အလေးဖြင့်ဆွဲထား (Traction) ခြင်း၊ နှိပ်နယ်ခြင်း၊ ဂျပန်ရိုးရာ အနှိပ်ပညာ၊ လည်ပင်းကြွက်သားများကို သန်မာအောင် ပြုလုပ်ပေးခြင်း၊ တောင့်တင်းနေသည့် ကြွက်သားများ ပြေလျော့စေသည့် လေ့ကျင့်ခန်းများ၊ ခွဲစိတ်ကုသမှု အကြောင်း တစေ့တစောင်း၊ ခါးဆစ်ကျီးပေါင်းနှင့် ခါးတောင့်တင်းနေခြင်းကို လျော့နည်းစေသည့် လေ့ကျင့်ခန်းများ၊ တင်ပါးအဆစ် ပေါင်ကြွက်သားများ၊ ခြေသလုံးကြွက်သား တင်းမာမှုများကို လျော့နည်းစေသည့် လေ့ကျင့်ခန်းများ၊ ဝမ်းဗိုက်ကြွက်သားကို သန်မာ၍ ဗိုက်ချပ်စေသည့် လေ့ကျင့်ခန်းများ၊ ခါးကြွက်သားများကို သန်မာစေ၍ ခါးဆစ်ကျီးပေါင်းရောဂါကို ကာကွယ်နိုင်သည့် လေ့ကျင့်ခန်းများ၊ ကျောရိုးပျော့ပြောင်း ကျန်းမာစေ၍ အရိုးကျီးပေါင်းရောဂါကို ကာကွယ်ပေးနိုင်သည့် အထွေထွေလေ့ကျင့်ခန်းများ၊ စောင်းနေသည့် အရိုးနုချပ်ပြား (အရွတ်)နှင့် အာရုံကြော ရောင်ရမ်းနာကျင်မှုများကို ကုသနည်း၊ အရိုးနုချပ်ပြားဝိုင်း(အရွတ်)စောင်းနေသည့် လက္ခဏာများနှင့် ရောဂါစမ်းသပ်စစ်ဆေးခြင်း၊ စောင်းနေသည့် အရိုးနုချပ်ပြားဝိုင်း(အရွတ်) စောင်းနေသည့် လက္ခဏာများနှင့် ရောဂါစမ်းသပ်စစ်ဆေးခြင်း၊ စောင်းနေသည့် အရိုးနုချပ်ပြားဝိုင်း(အရွတ်)ကို လေ့ကျင့်ခန်းများဖြင့် ကုသခြင်း၊ လက်တွေ့ကုထုံးများ စသည်ဖြင့် အခန်း(၁၄) ခန်းဖြင့် စီစဉ်ရေးသားထားပြီး ဆေးဝါးမပါ အရိုးဓာတ်ကို ထိန်းသိမ်းစောင့်ရှောက်နည်းများ၊ ပြုမူနေထိုင်ကုသနည်းများ၊ လေ့ကျင့်ခန်းများ၊ နှိပ်နယ်နည်းများဖြင့် အရိုးကျီးပေါင်းရောဂါ၊ အရိုးအဆစ်၊ ကြွက်သား၊ အရွတ်နှင့် အာရုံကြောဆိုင်ရာရောဂါများကို မဖြစ်သေးလျှင် ကာကွယ်၍ ဖြစ်ခဲ့လျှင် သက်သာပျောက်ကင်းအောင် ဤစာအုပ်ကို ဖတ်ရှုလေ့လာ၍ မိမိကိုယ်တိုင် ကုသနိုင်သည်အထိ သမားတော်တစ်ဦးကဲ့သို့ ပြည့်စုံကောင်းမွန်သော လမ်းညွှန်မှုများ ပေးစွမ်းနိုင်သော စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

"အရိုးအဆစ် ကျီးပေါင်းရောဂါ လေ့ကျင့် ကာကွယ်ကုသနည်းများ" စာအုပ်ကို စာမူခွင့်ပြုချက်အမှတ် ၄၀၀၇၈၇ ၀၇၁၀ဖြင့် မြင့်မြတ်မြန်မာစာပေမှ စီစဉ်၍ ရန်အောင်စာပေမှ တစ်ပြည်လုံးသို့ ဖြန့်ချိကြောင်း သိရသည်။ (သတင်းစဉ်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

(၁၅.၉.၂၀၁၀)ရက်နေ့တွင် Asia Green Development Bank (AGD Bank) အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် ၏ ရန်ကုန်မြို့ (ကမာရွတ် ဘဏ်ခွဲ) အား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့်အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

J & J Co.,Ltd
J-Donut
Asia Petroleum Co.,Ltd
Honma
Lizstar Co.,Ltd
Tony Tun Tun

အားကစားမြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

Letters and Essays-2

အတွဲ ၅ အမှတ် ၁ မှ ၁၁ အထိ ဝယ်ယူရရှိနိုင်ပါပြီ

Delta United နှင့် ဇွဲကပင်ယူနိုက်တက်တို့ နောက်တစ်ဆင့်တက်

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၁၀ MFF Max Cement Cup ဘောလုံးပြိုင်ပွဲ ပထမအဆင့် ရှုံးထွက် ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ကျင်းပရာ Delta United နှင့် ဇွဲကပင်ယူနိုက်တက်တို့ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

(သုဝဏ္ဏကွင်း)

Delta United နှစ်ဂိုး
(ဝေလင်းနှင့်စိုင်းသန်းအောင်)
VIVA တစ်ဂိုး
(ခင်မောင်ထွေး-ပယ်နယ်တီ)

အမာခံ ကစားသမားများ ဖြစ်သည့် ချမ်းချမ်း၊ ဇော်ဇော်ဦး၊ ကျော်ဇေယျာဝင်းတို့သာ ပါဝင်ပြီး အရန်ကစားသမား အများစုဖြင့် ပွဲထွက်လာသည့် Delta United အသင်းမှာ အပျော်တမ်းကလပ် VIVA အသင်းကို အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ အပျော်တမ်း အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယနေရာ ရရှိခဲ့သည့် VIVA အသင်းမှာ Delta အသင်းကို ပထမပိုင်းတွင် မယှဉ်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် အပြန်အလှန် ကစားသွားနိုင်ခဲ့သည်။

ပထမပိုင်းတွင် Delta အသင်း ခြေအသာဖြင့် ကစားသွားပြီး ၂၆ မိနစ်တွင် ဝေလင်းက အဖွင့်ဂိုး စတင်သွင်းယူခဲ့ပြီး ၃၇ မိနစ်တွင် စိုင်းသန်းအောင်က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ VIVA အတွက် နှစ်သိမ့်ဂိုးတစ်ဂိုးကို ၆၉ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ခင်မောင်ထွေးက သွင်းယူပေးခဲ့သည်။

(အောင်ဆန်းကွင်း)
ဇွဲကပင်ယူနိုက်တက် - သုံးဂိုး
(နန္ဒလင်းကျော်ချစ်၊ အောင်ဇော်လတ်နှင့် အောင်စိုးမိုး)
ဆက်သွယ်ရေး - နှစ်ဂိုး
(နိုင်နိုင်နှင့် အောင်အောင်)

ပထမအဆင့် ရှုံးထွက် ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် မကွေး F.C နှင့် Southern Myanmar၊ ကာကွယ်ရေးနှင့် ကမ္ဘောဇ F.C၊ ဇေယျာရွှေမြေနှင့် Delta United၊ ဥဿာယူနိုက်တိုက်နှင့် ဇွဲကပင်ယူနိုက်တက်တို့ တွေ့ဆုံကြမည် ဖြစ်သည်။ (ကြေးမုံ)



Delta တိုက်စစ်မှူး ဇင်မျိုးအောင် VIVA ဘက်သို့ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးစားစဉ်။ (ကြေးမုံ)

မသန်စွမ်းသူများအတွက် အခမဲ့ကွန်ပျူတာ သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၆

ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ) က အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာ သင်ကြားရေးစီမံချက်အရ မသန်စွမ်း လူငယ်များအား ကွန်ပျူတာသင်တန်းကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အဋ္ဌမအကြိမ်မြောက် သင်တန်းကို အောက်တိုဘာ ၁ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ယင်းသင်တန်းသို့ တက်ရောက်လိုသူ မသန်စွမ်းလူငယ်များသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးခန်းအမှတ် (၇၉၇) အခန်း (၁၀၄-ဘီ) ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၅၉၃၉၊ ၂၂၂၉၂၃၊ ၀၉-၅၁၀၃၇၂၅ နှင့် ၀၉-၅၀၄၂၆၂၁ တို့သို့ စက်တင်ဘာ ၁၈ ရက် နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အင်္ဂလန်အသင်းများ ဂိုးပြတ်သွင်းအောင်ပွဲခံ

လန်ဒန် စက်တင်ဘာ ၁၆

ချန်ပီယံလိဂ် အုပ်စုအဆင့် ဒုတိယနေ့ ပွဲစဉ်များကို ကြာသပတေးနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ အင်္ဂလန်အသင်းများ ဂိုးပြတ်သွင်း၍ အပြည့်အဝ အောင်ပွဲခံခဲ့ကြသည်။

အာဆင်နယ် ၆-၀ ဘရာဂါ

အာဆင်နယ် အသင်းသည် ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့နေရသော်လည်း ဖာဘရီဂက်စ်၊ နာဆရီ၊ ဆောင်း၊ ဝီရှိုင်းယား၊ အာရှာဗင်နှင့် ချာမက်ခ်တို့ကို ထည့်သွင်း၍ ဧည့်သည် ပေါ်တူဂီကလပ် ဘရာဂါကို အကောင်းဆုံး ဧည့်ခံကစားနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ဘရာဂါ အပေါ် ဘောလုံးပိုင်ဆိုင်မှု ၆၆ ရာခိုင်နှုန်းအထိ အသာစီးရယူကာ ကစားနိုင်ခဲ့သည်။

ယခုပွဲတွင်အာဆင်နယ်အတွက် ဂိုးများကို ပွဲချိန် ၉ မိနစ်တွင် ဖာဘရီဂက်စ်(ပယ်နယ်တီ)၊မိနစ် ၃၀တွင် အာရှာဗင်၊ ၃၄မိနစ်တွင် ချာမက်ခ်၊ ၅၃မိနစ်တွင် ဖာဘရီဂက်စ်နှင့် ၆၉မိနစ်နှင့် ၈၄မိနစ်တို့တွင် ချာမက်ခ်အစား လူစားဝင်လာသည့် ဗီလာက နှစ်ဂိုး သွင်းယူပေးခဲ့သည်။

ဇီလီနာ ၁-၄ ချယ်လ်ဆီး

ဆလိုဗက်ကီးယား ကလပ် ဇီလီနာသည် အိမ်ကွင်းကစားရသော်လည်း အက်ဆီယံ၊ ဘီနာယောင်၊ မာလူဒါ၊ ဇာကော့ဗ်၊ အနယ်လ်ကာတို့ဖြင့် ပွဲထွက်လာခဲ့သည့် ချယ်လ်ဆီးကို ပညာ၊ သမ္ဘာနှင့် ခြေစွမ်းပိုင်းတွင် ယှဉ်ကစားနိုင်ခြင်းမရှိဘဲ အလွယ်တကူ အရှုံးပေးလိုက်ရခြင်း ဖြစ်သည်။

ချယ်လ်ဆီးအတွက် ဂိုးများကို ပွဲချိန် ၁၃ မိနစ်တွင် အက်ဆီယံ၊ ပွဲချိန် ၂၄မိနစ်နှင့် ၂၈မိနစ်တို့တွင် အနယ်လ်ကာနှင့် ၄၈မိနစ်တွင် လူငယ်တိုက်စစ်မှူးစတာရက်ခ်ျတို့က သွင်းယူခဲ့သည်။ အိမ်ရှင်ဇီလီနာအတွက် တစ်လုံးတည်းသောနှစ်သိမ့်ဂိုးကို ပွဲချိန် ၅၅မိနစ်တွင် အိုရာဗစ်က သွင်းယူခဲ့သည်။ ယခုပွဲတွင် ချယ်လ်ဆီးအသင်းက ဘောလုံးပိုင်ဆိုင်မှု ၆၁ ရာခိုင်နှုန်း ရှိခဲ့သည်။

အင်တာနက်။



အာဆင်နယ်အတွက် အဖွင့်ဂိုးကို ဖာဘရီဂက်စ် ပယ်နယ်တီမှ သွင်းယူစဉ်။

ဝင်းတင်(ကြေးမုံ)

အခြားပွဲစဉ် ရလဒ်များ

အေစီမီလန် ၂-၀ အော်ဇေး
ဘိုင်ယန်မြူးနစ် ၂-၀ ရိုးမား
ကလုချ် ၂-၁ ဘေဆယ်
မာဆေးလ်၀-၁စပါးတပ်မော်စကို
ရီးယဲလ်မက်ဒရစ် ၂-၀ အေဂျက်
ရှက်တာဒိုးနက် ၁-၀ ပါတီဇန်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကချင်ပြည်နယ်အတွင်း ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၉၉/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၉၉/၂၀၁၀)

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်)

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကချင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်မြေများတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

အမှတ်စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာအုပ်စု
၁။	ဝိုင်းမော်မြို့နယ်	၁။ စန်ပိုင်ကျေးရွာအုပ်စု၊ ၂။ ဖော့ဒွဲကျေးရွာအုပ်စု။
၂။	အင်ဂျန်းယန်မြို့နယ်	၁။ အင်ဖျင်ဂါး ကျေးရွာအုပ်စု၊ ၂။ ဖုန်ဂန်ကျေးရွာအုပ်စု၊ ၃။ အင်ဒိုးယန်ကျေးရွာအုပ်စု၊ ၄။ ဆွမ်ဖောင်းကျေးရွာအုပ်စု၊ ၅။ ဂျိန်မာယန်ကျေးရွာအုပ်စု၊ ၆။ ပင်လောင်ကျေးရွာအုပ်စု၊ ၇။ မထွမ်ကျေးရွာအုပ်စု၊ ၈။ ရှဂရီဘွမ်ကျေးရွာအုပ်စု၊ ၉။အင်ဂွမ်းလကျေးရွာအုပ်စု၊ ၁၀။ ကထန်တူကျေးရွာအုပ်စု၊ ၁၁။ ကဒေါ့ဇွမ်ဖော်ကျေးရွာအုပ်စု၊ ၁၂။ အင်ပေါက်ချက်

စာမျက်နှာ ၈ ကော်လံ ၁ သို့❖

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကယားပြည်နယ်အတွင်း ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၀၀/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၀၀/၂၀၁၀)

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်)

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကယားပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်မြေများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

အမှတ်စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာအုပ်စု
၁။	ဖရူဆိုမြို့နယ်	၁။ကေကောကျေးရွာအုပ်စု၊ ၂။ သိုသီးဖိုကျေးရွာအုပ်စု၊ ၃။ရောဒေါ်ခေါကျေးရွာအုပ်စု၊ ၄။ ဒိုမိုစောကျေးရွာအုပ်စု။
၂။	ဖာဆောင်းမြို့နယ်	၁။ကရယ်ခီးကျေးရွာအုပ်စု၊ ၂။ မိုဆာခီးကျေးရွာအုပ်စု၊ ၃။ ကွာခီးကျေးရွာအုပ်စု၊ ၄။ ကော်သူဒိုးကျေးရွာအုပ်စု၊ ၅။ ဗဟန်းလော့ကျေးရွာအုပ်စု။

(ပုံ)သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်